သုဘာသိတာ စ ယာဝါစာ ဇတံ မင်္ဂလ မုတ္တမံ၊ ချိုသာစွာပြောဆိုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၉ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၆၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သောနိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ်စောင်ရေ
၁၉၉၉၉၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တသောဘိတ၏ သက်တော်(၉၅)နှစ်မြောက် မွေးနေ့တော် ဝိဇာတပူဇာမင်္ဂလာ၊ စာသင်တိုက်တည် (၁၀)နှစ်ပြည့် နှစ်ပတ်လည်မင်္ဂလာနှင့် သာသနာ့အာဇာနည် အရှင်မြတ်တို့အား ဂုဏ်ပူဇာ မင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီး၏ သက်တော်(၉၅)နှစ်မြောက် မွေးနေ့တော်ဝိဇာတပူဇာမင်္ဂလာ စာသင်တိုက်တည်(၁၀)နှစ်ပြည့် နှစ်ပတ်လည်မင်္ဂလာနှင့်သာသနာ့အာဇာနည်အရှင်မြတ်နှစ်ပါးအား ဂုဏ်ပူဇာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို

ရန်ကုန် မတ် ၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက နိကာယ်ငါးရပ်ပိဋကသုံးပုံစာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ကျေးဇူးတော်ရှင် သက်တော်ရှည် မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တသောဘိတ၏ သက်တော်(၉၅)နှစ်မြောက် မွေးနေ့တော် ဝိဇာတပူဇာမင်္ဂလာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိကာယ်ငါးရပ် ပိဋကသုံးပုံစာသင်တိုက် စာသင်တိုက်တည် (၁၀)နှစ်ပြည့် နှစ်ပတ်လည်မင်္ဂလာနှင့် သာသနာ့အာဇာနည် အရှင်သူမြတ်နှစ်ပါးအား ဂုဏ်ပူဇာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကသုံးပုံစာသင်တိုက်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်၍ဖူးမြော်ကြည်ညိုသည်။

တက်ရောက်ကြည်ညို

အဆိုပါမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ နိကာယ်ငါးရပ်ပိဋကသုံးပုံစာသင်တိုက်ကြီး၏ ပဓာနနာယက ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသအမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီးနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)၏ဇနီး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများ၊ အလှူဒါယကာ ဒါယိကာမများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

သီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက နိကာယ်ငါးရပ် ပိဋကသုံးပုံစာသင်တိုက်ကြီး၏ဦးစီးပဓာန မဟာနာယက ကျေးဇူးရှင် သက်တော်ရှည် မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တသောဘိတ၏ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရအမှူးပြုသော

စာမျက်နှာ ၉ ကော်လံ ၃ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

9-3 (1).p65 1 3/24/05, 11:05 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မတ်လ ၉ ရက်)

နိုင်ငံတော်၊ ဆရာနှင့် ကျောင်းသားကျောင်းသူလက်တွဲ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် ကရင်ပြည်နယ်ကိုလည်း ဖွံ့ဖြိုးတိုးတက်မှု၌ နောက်ကျကျန်ရစ်သော ပြည်နယ်မဖြစ်စေရန်၊ အခြားပြည်နယ်၊ တိုင်းများနှင့်အတူ ယှဉ်တွဲဖွံ့ဖြိုးလာစေရန် ဘဏ္ဍာငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ကရင်ပြည်နယ်၌ လိုအပ်သော လမ်းများ၊ တံတားများကို တည်ဆောက်ပေးခဲ့သည်။

ထို့ပြင် ပြည်နယ်အတွင်း အခြေခံပညာရော၊ အဆင့်မြင့်ပညာပါ လွယ်လင့်တကူ သင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ၊ ကောလိပ်များနှင့် ဘားအံတက္ကသိုလ်တို့ကို တိုးချဲ့ထူထောင်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

အလားတူဆေးရုံ၊ ဆေးပေးခန်းများကို တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်ခြင်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားလာစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် မတ်လ ၃ ရက်နေ့ မွန်းလွဲပိုင်းက ဘားအံတက္ကသိုလ် Assembly Hall ၌ ဘားအံတက္ကသိုလ်၊ ဘားအံပညာရေးကောလိပ်၊ ဘားအံမြို့ အစိုးရနည်းပညာကောလိပ်နှင့် ဘားအံမြို့ အစိုးရ ကွန်ပျူတာကောလိပ်တို့မှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ၊ သရုပ်ပြများနှင့်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာ၌–

“ကရင်ပြည်နယ် ဘားအံဒေသ၌ ယခုကဲ့သို့ တက္ကသိုလ်နှင့်ကောလိပ်များ ဖွင့်လှစ်ပေးထားခြင်းသည် ကရင်ပြည်နယ်ရှိလူငယ်များ အဆင့်မြင့်ပညာကို လွယ်လင့်တကူ လက်လှမ်းတမီ သင်ကြားနိုင်ရန်အတွက်ဖြစ်ကြောင်း၊ ဘားအံဒေသသည် အမှန်တကယ်အားဖြင့် ရန်ကုန်မြို့၊ မော်လမြိုင်မြို့တို့နှင့် အလှမ်းကွာဝေးသော ဒေသမဟုတ်ကြောင်း၊ သို့ရာတွင် ဒေသခံပြည်သူအများစုမှာ ရိုးရိုးသားသား ရှိသမျှဖြင့် ရောင့်ရဲတင်းတိမ်စွာ နေထိုင်လေ့ရှိကြကြောင်း၊ ပညာရေး၌လည်း အဆင့်မြင့်ပညာတတ်မြောက်သူ၊ ထူးချွန်သူဦးရေ နည်းပါးခဲ့ပြီး အေးအေးဆေးဆေးစွာ နေထိုင်ကြသူအများစုဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံသည် လူ့အရင်းအမြစ်ပင်ဖြစ်ရာ ဒေသတွင်း ပညာတတ်လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ပြီး ဒေသဖွံ့ဖြိုးလာရေးအတွက် ယခုကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း”

ပြောကြားခဲ့သည်။

ပြည်နယ်/တိုင်း တစ်ခုနှင့်တစ်ခုအကြား ပညာရေးအခွင့်အလမ်း ကွာဟမှုမရှိဘဲ နယ်မြေဒေသအလိုက် ပညာတတ်များ ပေါ်များလာမှသာ ကရင်ပြည်နယ်အပါအဝင် ပြည်နယ်/တိုင်းအားလုံးဖွံ့ဖြိုးပြီး အနာဂတ်ကာလ နိုင်ငံတော်သည်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် အဆင့်မီနိုင်ငံတော် ဖြစ်ပေါ်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက စေတနာထား၍ တိုးတက်ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့်အခြေခံများကို တည်ဆောက်ပေးထားပြီဖြစ်ရာ ဒေသအပိုင်း၊ ပြည်နယ်အပိုင်းကလည်း မိမိဒေသ ဖူလုံရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တီထွင်ကြံဆ ကြိုးပမ်းလုပ်ကိုင်ကြရန် လိုအပ်ပေသည်။

ဒေသတွင်း ဖူလုံမှုရှိင်မာပြီး စိုက်ပျိုးရေး၊ သားငါး၊ စက်မှု စသည်ဖြင့် စီးပွားရေးကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်နေမှသာ ကရင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာမည် ဖြစ်သည်။

ဆရာ ဆရာမများအပိုင်းကလည်း အနာဂတ်ကိုရှုမျှော်ပြီး မိမိတို့၏တပည့်များကို အရည်အချင်းရှိသော တပည့်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စေတနာနှင့်မျှော်မှန်းထားချက်များကို နားလည်ပြီး နိုင်ငံတော်၊ ဆရာနှင့် ကျောင်းသား ကျောင်းသူများ ဟန်ချက်ညီညီလက်တွဲပြီး ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စီးပွား/ ကူးသန်းဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်း ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မတ် ၈

ဗီယက်နမ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံဟနွိုင်းမြို့၌ မတ်၄ ရက်မှ ၇ရက်အထိ ကျင်းပမည့် ဂျီအမ်အက်စ်ကုန်စည်ပြပွဲ ၂၀၀၄ဖွင့်ပွဲ၊ မဟာမဲခေါင်ဒေသခွဲဆိုင်ရာစီးပွားရေးဖိုရမ် အမှုဆောင်အဖွဲ့ဝင်များ အစည်းအဝေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးညီလာခံများသို့ တက်ရောက်ခဲ့သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်အား ထိုင်းနိုင်ငံအားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးနှင့်အဖွဲ့တွေ့ဆုံ

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်အား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ အားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး H.E.Mr.Sontaya Kunplome နှင့်အဖွဲ့သည် ယမန်နေ့ မွန်းတည့် ၁၂နာရီ ၄၅မိနစ်က ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ) ကျောက်စိမ်းခန်းမသို့ သွားရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် ထိုင်းနိုင်ငံအားကစားနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ အားကစားနှင့်ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး Mr. Sontaya Kunplome နှင့် အဖွဲ့ဝင်များ ရွှေတိဂုံ စေတီတော်တွင်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (ဟိုတယ်/ခရီး)

ဧည့်သည်တော် ထိုင်းဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်၊ မန္တလေး၊ ပုဂံညောင်ဦး၌ လေ့လာ

ရန်ကုန် မတ် ၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင်ရောက်ရှိနေသော ထိုင်းနိုင်ငံအားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး Mr. Sontaya Kunplome နှင့်အဖွဲ့ဝင်များသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များလိုက်ပါ၍ မတ် ၅ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြပြီး ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဧည့်သည် ထိုင်းနိုင်ငံဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြ၍ ထိုင်းနိုင်ငံ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးက ဂေါပကအဖွဲ့သို့ အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ရတနာဆင်ဖြူတော်အား ကြည့်ရှုကြသည်။

ဧည့်သည်ထိုင်းနိုင်ငံဝန်ကြီးနှင့်အဖွဲ့သည် မတ် ၆ ရက်တွင် မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်နှင့် ရွှေကျောင်း တော်ကြီးတို့ကိုလည်းကောင်း၊ ဦးစိန်မြင့် ရွှေချည်ထိုးလုပ်ငန်းနှင့် သိန္ဓောမြင်းပျံ၊ ရွှေပြည်ကျော်၊ လွန်းရာကျော်အချိတ်ရက်ကန်းလုပ်ငန်းတို့ကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။ ဆက်လက်၍ ဧည့်သည်ဝန်ကြီးနှင့်အဖွဲ့သည် မဟာမုနိရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ထို့မှတစ်ဆင့် ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့သည် ပုဂံ–ညောင်ဦးမြို့သို့ရောက်ရှိ၍ ရွှေစည်းခုံစေတီတော်ကြီးအားလည်းကောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်ကိုလည်းကောင်း၊ အာနန္ဒာဘုရား၊ လောကနန္ဒာစေတီတော်နှင့် ဓမ္မရာဇကစေတီတော်တို့ကိုလည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည်။

ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့နံနက် ၈ နာရီခွဲက ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဧည့်သည်ဝန်ကြီးက ဧည့်သည်တော်မှတ်တမ်းလွှာတွင် လက်မှတ်ရေးထိုး၍ ဂေါပကအဖွဲ့သို့ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဧည့်သည်တော်ဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ ဦးဆောင်၍ မြန်မာနိုင်ငံဟိုတယ် လုပ်ငန်းရှင်များနှင့်ခရီးသွားလုပ်ငန်းရှင်များပါဝင်သော အဖွဲ့နှင့် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကန်ရိပ်သာလမ်းရှိ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ် မင်္ဂလာခန်းမ၌ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ

မတ်စရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr. Koichi Katoနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကျင်းပ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား တက်ရောက်အဖွင့်အမှာစကားပြောကြား

အမှာစကားပြော

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိန်ထွား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (International Women's Day) အခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC) ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ

အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး Mme. Phoebe A. Gomezနှင့် သံအမတ်ကြီးများ၏ဇနီးများ၊ စစ်သံမှူးများ၏ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း ကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြော

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားက အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြား

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သော သဝဏ်လွှာကို ကုလသမဂ္ဂစနစ်များညှိနှိုင်းရေးမှူး United Nation System's Operational Activities for Development in Myanmar Mr. Charles James Petrie က ဖတ်ကြား သည်။

ရှင်းလင်းပြောကြား

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာ ဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော အမျိုးသမီးများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုများအကြောင်းကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



ရှင်းလင်းပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော အမျိုးသမီးများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုများအကြောင်းကို ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သော သဝဏ်လွှာ ကို ကုလသမဂ္ဂစနစ်များ ညှိနှိုင်း ရေးမှူး Mr. Charles James Petrie က ဖတ်ကြားစဉ်။

(သတင်းစဉ်)

အထူးတရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၈

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းများကို ဧပြီ၁၀ရက်မှ ၁၈ရက်အတွင်းရန်ကုန်နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရကျောင်း၊ ပြည်လမ်း၊လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ အင်းစိန် ထန်းတပင်ကျောင်းတိုက်၊ (၃၅)ရပ်ကွက် ညီမူရာခမ္မာရုံဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မင်္ဂလာရာမကျောင်းတိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ လယ်တီတောရကျောင်း လှည်းကူးမြို့ မြင်သာမြို့ဦးကျောင်း တောင်ဥက္ကလာပမြို့ မဟာဘုရားကြီးကျောင်းတိုက်၊ ပဲခူးမြို့၊ ပြည်သဒ္ဓမ္မ ဇောတိကာရုံကျောင်းတိုက်၊ တိုက်ကြီးမြို့၊ ကျော်ဇံကျောင်းတိုက်၊ ဘိုကလေးမြို့ ပညာရာမကျောင်း၊ မောင်ငံရပ် မော်လမြိုင်မြို့ သုခမ္မစာရီဗိမာန်ကျောင်း၊ မုံရွာမြို့ ရှားတောခမ္မ ရိပ်သာကျောင်း၊ ပျော်ဘွယ်မြို့ ကုန်းသာရွာ သီရိမင်္ဂလာကျောင်းတိုက်၊ ကနီမြို့နယ် စစ်ကိုင်းတိုင်း မဟာလယ်တီစံကျောင်းတိုက်၊ ပျဉ်းမနားမြို့ ရွှေဂူလေးဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လွတ်လပ်ရေးကျောင်း ဝွတ္တာလစ်ဗဟန်းမြို့နယ်တို့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကယ်ကွတ်၌ကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ် အမေရိကန်တပ်ဖွဲ့ဝင်များပစ်ခတ်သဖြင့် အီရတ်အရပ်သားများသေဆုံး

ကယ်ကွတ် မတ် ၇

လွန်ခဲ့သည့်နှစ်ရက်က အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင်အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အရပ်သားလေးဦးကိုသတ်ဖြတ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဝန်ခံပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များနှင့်အီရတ်ခုခံတိုက်ခိုက်ရေးသမားများ ဗုဒ္ဓဟူးနေ့က ကယ်ကွတ်မြို့တွင် အပြန်အလှန်တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် အီရတ်အရပ်သားလေးဦးသေဆုံးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါစစ်ဘက် ပြောရေးဆိုခွင့်ရှိသူဗိုလ်မှူးဂျော့လင် အာဆာလီက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်များက ခုခံတိုက်ခိုက်ရေးသမားများကို ရှာဖွေစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်းအီရတ်အရပ်သားများသေဆုံးခဲ့ရမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ ထိုသို့ အမေရိကန်တပ်ဖွဲ့ဝင်များ လက်ချက်ဖြင့် သေဆုံးခဲ့သူများမှာ ကယ်ကွတ်မြို့မှအီရတ် အရပ်သား မိသားစုတစ်စု၏ မိသားစုဝင်များဖြစ်ကြပြီး မိခင် ဖခင်နှင့် သားတစ်ဦး အပါအဝင်ဆွေမျိုးတစ်ဦးတို့ သေဆုံးခဲ့ရကြောင်း အီရတ် ရဲအရာရှိတစ်ဦးက ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဒါဘီကျေးရွာအနီးတွင် အီရတ်ခုခံ တိုက်ခိုက်ရေးသမားများဟု သံသယရှိသူများကိုရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကင်းလှည့်ပျံသန်း

မတ် ၇ ရက်က ဘဂ္ဂဒက်မြို့ပေါ်တွင် ကင်းလှည့်ပျံသန်းနေသော အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ကန်တပ်ဖွဲ့ဝင်များကို စစ်လက်နက်ပစ္စည်းများလုံလောက်စွာတပ်ဆင်ပေးခြင်းမရှိ ဘုရှ်အစိုးရအား ဒီမိုကရက်တစ်သမ္မတလောင်းစွပ်စွဲပြောကြား

ဝါရှင်တန် မတ် ၇

ဘုရှ်အစိုးရသည် အီရတ်စစ်ပွဲကိုသွားရောက်ကြသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို လုံလောက်စွာ ပြင်ဆင်ကာလက်နက်ပစ္စည်းများတပ်ဆင်ပေးခဲ့ခြင်းမရှိကြောင်း ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက စနေနေ့၌ စွပ်စွဲလိုက်သည်။

အပတ်စဉ်ထုတ်လွှင့်သောဒီမိုကရက်ရေဒီယိုမှ ကယ်ရီကပြောကြားရာတွင် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် အီရတ်၌ အံမကိုက်သော ဦးစားပေးမှုများရှိခဲ့ကြောင်း၊ ဟော်လီဘာတွန်ကုမ္ပဏီကိုပေးသော ကန်ထရိုက်များ အပေါ်ဒေါ်လာဘီလီယံများစွာဖြုန်းတီးခဲ့ကြောင်း၊ သို့သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များကိုမူ ကျည်ကာအင်္ကျီနှင့် အခြားအကာအကွယ်ပစ္စည်းများအလုံအလောက်မပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ဝယ်ပေးနေရ

မက်ဆက်ချူးဆက်ပြည်နယ်အထက်လွှတ်တော်အမတ်ဖြစ်သော ဂျွန်ကယ်ရီက အီရတ်၌ အမေရိကန်ရဟတ်ယာဉ်များသည် ဒုံးကျည်ဖျက် စနစ်များမရှိဘဲ အန္တရာယ်ရှိသော လုပ်ငန်းများတွင် ပျံသန်းနေရကြောင်း၊ မိသားစုများသည် သူတို့၏သားများနှင့် သမီးများအတွက် ကျည်ကာ အင်္ကျီများကိုဝယ်ပေးနေရကြောင်းပြောဆိုသည်။

ပို့ပေးရမည်

မိသားစုများက ဓာတ်ပုံများကိုအီရတ်သို့ပို့ပေးရမည်ဖြစ်ပြီး ကာကွယ်ရေးဌာနက ကျည်ကာအင်္ကျီများ ပို့ပေးရမည်ဟု ကယ်ရီကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်နှင့်ပတ်သက်၍ နိုင်ငံရေးအမှား ဘလဲ ကျူးလွန်ခဲ့ကြောင်း ကလဲရှော့တ် စွပ်စွဲ

လန်ဒန် မတ် ၇

စစ်ပွဲ၏နောက်ဆက်တွဲ ပြင်ဆင်မှုမရှိကြောင်းနှင့် အီရတ်နှင့်ပတ်သက်၍ နိုင်ငံရေးအမှားကျူးလွန်ခဲ့ကြောင်း ဗြိတိန်ဝန်ကြီးဟောင်းကလဲရှော့တ်က ဝန်ကြီးချုပ်တိုနီဘလဲကို ကြာသပတေးနေ့တွင် စွပ်စွဲလိုက်သည်။

ဝန်ကြီးချုပ်အပေါ် ကလဲရှော့တ်၏နောက်ဆုံးတိုက်ခိုက်မှုသည် ပင်လယ်ကွေ့အတွင်း လုံခြုံရေးနှင့် စစ်ပွဲဆင်နွှဲခြင်းဆိုင်ရာ အဓိကမိန့်ခွန်းတစ်ရပ်ပြောကြားရန် တိုနီဘလဲ ပြင်ဆင်နေခိုက်ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးကလဲရှော့တ်သည် စစ်ပွဲမဖြစ်မီ၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကို ဗြိတိန်နိုင်ငံက သူလျှိုလုပ်ခဲ့ကြောင်း ပြီးခဲ့သည့်အပတ်၌ စွပ်စွဲပြောဆိုခဲ့သည့်ပြင် စစ်ရေးဆောင်ရွက်မှု လိုအပ်ချက်အတွက် ဗြိတိန်လူမျိုးတို့ကိုဘလဲလှည့်စားခဲ့ကြောင်း စွပ်စွဲခဲ့သည်။

အီရတ်တွင် သိသာထင်ရှားသောအမှားမှာ ထောက်လှမ်းရေးအမှား မဟုတ်ကြောင်း၊ နိုင်ငံရေးအမှားဖြစ်ကြောင်း သည်တက်ပ်ဘလက်ဆိုသောဂျာနယ်သို့ ရေးသားပေးပို့သောသူမ၏စာတွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ်အပေါ် ယုံကြည်မှုနှုန်းထားသည် လွန်ခဲ့သည့် မတ်လ၌ အီရတ်တွင် အမေရိကန်ဦးဆောင်ပြီး စစ်ပွဲစတင်ခဲ့ချိန်မှစပြီး ထိုးကျခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်နှင့် ရုရှားသမ္မတတို့ ထိပ်သီးအစည်းအဝေး ပေကျင်း၌ကျင်းပမည်

ပေကျင်း မတ် ၇

တရုတ်နှင့် ရုရှားသမ္မတနှစ်ဦးတို့သည် ယခုနှစ်၏နောက်ပိုင်း နှစ်ဝက်တွင် ပေကျင်းမြို့၌ ထိပ်သီးအစည်းအဝေးတစ်ရပ်ကျင်းပမည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်က စနေနေ့တွင် ပေကျင်းမြို့၌ ကြေညာလိုက်သည်။

သွားရောက်မည်

တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဝူဘန်ဂိုနှင့် ဝန်ကြီးချုပ် ဝမ်ကျားပေါင်တို့ ယခုနှစ်တွင် ရုရှားနိုင်ငံသို့ တရားဝင် အလည်သွားရောက်ကြမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ လီကပြောကြားသည်။

ပြောကြား

သမ္မတနှစ်ဦးတွေ့ဆုံဆွေးနွေးသည့် ၂၀၀၄ ခုနှစ်သည် နှစ်နိုင်ငံလူငယ်များအတွင်းချစ်ကြည်ရင်းနှီးသည့်နှစ်ဖြစ်ကြောင်း၊ ယင်းသည် တရုတ်-ရုရှားဆက်ဆံရေးအတွက် အရေးကြီးသော စိတ်ဓာတ်တက်ကြွမှုအသစ်တစ်ခုဖြစ်ကြောင်းမစ္စတာလီကပြောကြားသည်။

ယင်းသည် မျိုးဆက်တစ်ခုမှ တစ်ခုသို့ ကောင်းမွန်သော ဆက်ဆံရေးများ ဖွံ့ဖြိုးတိုးတက်စေမည့် နှစ်နိုင်ငံ၏ မှန်ကန်သော ရွေးချယ်မှုဖြစ်ပြီး တစ်ဦးနှင့်တစ်ဦးမည်သည့်အခါမျှ ရန်သူများဖြစ်လာမည်မဟုတ်ကြောင်း ဝန်ကြီးက ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

လုံခြုံရေးဆောင်ရွက်

မတ် ၇ ရက်က ဘဂ္ဂဒက်မြို့တွင် ပေါက်ကွဲမှုများဖြစ်ပွားရာတွင် လုံခြုံရေးအတွက် အရေးတကြီးဆောင်ရွက်နေရသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အဒေါ့ဖ်ဟစ်တလာ၊ ချာလီချက်ပလင်တို့နှင့်အတူ တစ်နှစ်တည်းမွေးခဲ့သူ အသက်(၁၁၄)နှစ်ရှိ ကမ္ဘာ့အသက်ကြီးဆုံး စပိန်အမျိုးသား ကွယ်လွန်

မက်ဒရစ် မတ် ၇

အဒေါ့ဖ်ဟစ်တလာနှင့် တစ်နှစ်တည်းမွေးခဲ့ပြီး ဖိနပ်ချုပ်သမားအဖြစ်လုပ်ခဲ့သူ စပိန်လူမျိုး ဂျိုးရီယူဒါဗက်မိုးလ်သည် အသက်(၁၁၄)နှစ်၌ သူ၏နေအိမ်တွင် စနေနေ့က ကွယ်လွန်သွားကြောင်း မိသားစုက ပြောကြားသည်။

ရီယူဒါဗက်သည် ဂီနက်စ်စာအုပ် စာရင်းဝင်ပြီး ကမ္ဘာ့အသက်အကြီးဆုံး ပုဂ္ဂိုလ်အဖြစ် တရားဝင်အသိအမှတ်ပြုခြင်း ခံရသူဖြစ်သည်။

ကွယ်လွန်

၎င်းသည် လွန်ခဲ့သည့်နှစ် စက်တင်ဘာလထဲတွင် အသက်(၁၁၄)နှစ်၌ပင် ယူကီ ချီချူဂန်ကျီဆိုသူ ဂျပန်လူမျိုး ကွယ်လွန်သွားခဲ့ပြီးနောက် ကွယ်လွန်သွားခြင်းဖြစ်သည်။

မွေးဖွားခဲ့

ရီယူဒါဗက်သည် ဟစ်တလာနှင့် ချာလီချက်ပလင်တို့မွေးဖွားခဲ့သည့် ၁၈၈၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်၌ မွေးဖွားခဲ့သည်။ ၎င်းအားမွေးဖွားသောနှစ်၌ အီဖယ်မျှော်စင်ကြီး အပြီးသတ်ခဲ့သည်။

ဖိနပ်ချုပ်သမားအဖြစ်မှ အနားယူခဲ့သည်မှာ နှစ် ၅၀ မျှ ရှိပြီဖြစ်ပြီး သောကြာနေ့ညတွင် စပိန်မြေထဲပင်လယ်ကျွန်းဖြစ်သော မိနော်ကာရှိ အက်စ်မစ်ဂျောန်ဂရန်တွင် ကွယ်လွန်သွားကြောင်း ရဲပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**



သမားရိုးကျမဟုတ်သော လက်နက်များ အီရတ်သိုလှောင်ထားခြင်းရှိမရှိ ကုလသမဂ္ဂအဖြေပေးနိုင်ရန်အီရတ်သို့ ကုလအဖွဲ့ သွားသင့်

ကုလသမဂ္ဂ မတ် ၇

အီရတ်နိုင်ငံ၌ သမားရိုးကျမဟုတ်သော လက်နက်များသိုလှောင်သိမ်း ဆည်းထားခြင်းရှိမရှိကို ဖြေကြားနိုင် ရန်အတွက်ယခုအချိန်အခါသည် အီရတ်သို့ ကုလသမဂ္ဂလက်နက်စစ်ဆေးသူများအား နောက်ဆုံးအကြိမ်အဖြစ် စေလွှတ်ရမည့်အချိန်အခါဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီဝင်အချို့က သောကြာနေ့တွင် ပြောကြားခဲ့ကြသည်။

သို့သော်လည်း အမေရိကန် ပြည်ထောင်စုနှင့် စပိန်နိုင်ငံတို့က ထိုကိစ္စဆောင်ရွက်ရန် အချိန်အလွန် စောသေးကြောင်းပြောဆို ကန့်ကွက်ခဲ့သည်ဟု ကောင်စီသံတမန်များက ပြောကြားသည်။

ကုလသမဂ္ဂစောင့်ကြည့်စစ် ဆေးရေး ကော်မရှင်(အန်မိုဗစ်)က တင်သွင်းသည့် နောက်ဆုံးသုံးလပတ် အစီရင်ခံစာကို တံခါးပိတ်ပြီး အကျဉ်းချုံးဆွေးနွေးရာတွင် နိုင်ငံအများက စစ်ပွဲပြီးချိန်မှစပြီး အီရတ်သို့ ပြန်သွား နိုင်ရေးအတွက် အန်မိုဗစ်၏အမိန့် အာဏာကို ပြန်သုံးသပ်ရန်တိုက်တွန်းထားကြောင်း ရုရှားသံအမတ်ကြီးက ပြောကြားသည်။

အီရတ်လက်နက် ခြိမ်းခြောက်မှု မရှိတော့ကြောင်း မိမိတို့ သေချာစေလိုသည်ဟု လာ့ဗ်ရော့ဗ်က ပြောဆိုသော်လည်း အချို့ကိုယ်စားလှယ်များက စောသေးကြောင်း ပြောဆိုကြသည်။

မျှော်လင့်

ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့သည် အီရတ်လက်နက်များ ရှာဖွေရေး လုပ်ငန်းဆောင်ရွက်မှုကို ပြီးပြည့်စုံအောင် ဆောင်ရွက်လိုပြီး အီရတ်တို့ ဇီဝ၊ဓာတုသို့မဟုတ် နျူကလီးယားလက်နက်များ ထုတ်လုပ်မည့် အစီအစဉ်ထပ်မံလုပ်ဆောင်ခြင်း မပြုရေးသေချာမှု ရှိစေရန်အတွက် အမြဲတမ်းစောင့်ကြည့်အဖွဲ့ထားရန် မျှော်လင့်ထားသည်။

(အင်တာနက်)

ကင်းလှည့်

မတ် ၇ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် လုံခြုံရေးအတွက် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆက်ဒမ်ထံမှ မိသားစုထံရေးသော ကိုယ်ရေးစာ နိုင်ငံတကာကြက်ခြေနီက သမီးကြီးထံပို့ပေးခဲ့

အမ္မန် မတ် ၇

အမေရိကန်ပြည်ထောင်စု၏ ဖမ်းဆီးထိန်းသိမ်းထားခြင်းခံနေရသော ဆက်ဒမ်ဟူစိန်က သူ၏ မိသားစုထံ ရေးသားသောစာကို ဂျော်ဒန်ရှိသူ၏သမီးကြီးထံ ပို့ပေးခဲ့ကြောင်း နိုင်ငံတကာဆိုင်ရာ ကြက်ခြေနီအဖွဲ့ (အိုင်စီအာစီ)က စနေနေ့၌ ပြောကြားလိုက်သည်။

ပြီးခဲ့သည့်လ၌ ဆွစ်အခြေစိုက်အဖွဲ့မှအရာရှိများဆက်ဒမ်ထံရောက်စဉ် ဆက်ဒမ်ရေးသားထားသော စာကိုရာဂက်ဟူစိန်ထံ ကြာသပတေးနေ့က ပို့ပေးခဲ့သည်ဟု အိုင်စီအာစီက ပြောကြားသည်။

စာမှာကိုယ်ရေးကိုယ်တာရေးသားထားသောစာဖြစ်ကြောင်း၊ နိုင်ငံရေးအကြောင်းအရာ မပါကြောင်း ကြက်ခြေနီအဖွဲ့ပြောခွင့်ရှိသူက ဂျော်ဒန်နိုင်ငံမြို့တော်အမ္မန်၌ ပြောကြား သည်။ ရာဂက်သည် ယခုထိတိုင် စာပြန်ရေးသားခြင်းမပြုဘဲရှိသည်။

ရာဂက်နှင့် ညီမငယ်ဖြစ်သူ ရာနာတို့သည် လွန်ခဲ့သည့်နှစ် ဇူလိုင်လ၌ ဘဂ္ဂဒက်ကို အမေရိကန်တို့ ထိန်းချုပ်ပြီး မကြာမီတွင် ဂျော်ဒန်သို့ ထွက်ပြေးလာခဲ့ကြသည်။ ဆက်ဒမ်ဟူစိန်မှာလည်း ရှစ်လကြာမျှ ထွက်ပြေးတိမ်းရှောင်နေခဲ့ပြီးနောက် အီရတ်နိုင်ငံအလယ်ပိုင်းရှိ သူ၏ဇာတိမြို့အနီးတွင် ဒီဇင်ဘာလထဲ၌ အဖမ်းခံခဲ့ရသည်။

ဆက်ဒမ် (၆၆)နှစ်သည် စစ်သုံ့ ပန်းအဆင့်ရရှိထားရာ မိသားစုနှင့် ဆက်သွယ်နိုင်ခဲ့သည်။ ယခုနှစ်ကုန်၌ သူ့အား စစ်ဆေးရာတွင် သူ့ကိုကာကွယ်ရန်အတွက် ရှေ့နေတစ်ဦးငှားရန် ကြိုးပမ်းလျက်ရှိသည်။

(အမ်အင်အေ၊ ရိုက်တာ)

ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သော အုပ်ချုပ်ရေးရုံးကို ခုခံတိုက်ခိုက်ရေးသမားများက ဒုံးကျည်များဖြင့် ပစ်ခတ်

ဘဂ္ဂဒက် မတ် ၇

အီရတ် ခုခံတိုက်ခိုက်ရေးသမားများသည် ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့ရုံးချုပ်များရှိရာသို့ ဒုံးကျည် ၁၀ စင်းဖြင့် မတ် ၇ ရက်က ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ယင်းပစ်ခတ်တိုက်ခိုက်မှုသည် အီရတ်ဆိုင်ရာ ကြားဖြတ်ဖွဲ့စည်းပုံဥပဒေကို လက်မှတ်ထိုးရန် စီစဉ်ထားသော နေ့မတိုင်မီ အကြိုရက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါပစ်ခတ်တိုက်ခိုက်မှု ကြောင့် ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း ရဲအဖွဲ့နှင့် အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဒုံးကျည်များကို ကားတစ်စီးအတွင်းမှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုက်ခိုက်ရေးသမားများသည် ပစ်ခတ် အပြီး၌ ကားကို စွန့်ပစ်ခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ကားအတွင်း၌ မပစ်ခတ်ရသေးသော ဒုံးကျည်နှစ်စင်းနှင့်အတူ ဖောက်ခွဲရေးပစ္စည်းများရှာတွေ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အမေရိကန်စစ်တပ် ပြောရေးဆိုခွင့်ရှိသူက ဒုံးကျည်အချို့သည် အစိမ်းရောင်ဒေသအတွင်းရှိ ရာရှစ်ဟိုတယ်ကို ထိမှန်ခဲ့ကြောင်း ပြောဆိုသည်။

လွန်ခဲ့သည့် အောက်တိုဘာလ၌ အဆိုပါ ရာရှစ်ဟိုတယ် ဒုံးကျည် ပစ်ခတ်ခံရပြီးချိန်မှစပြီး ထိုဟိုတယ် ကို အပေါင်းပါတပ်ဖွဲ့မှ ပုဂ္ဂိုလ်များ အသုံးမပြုခဲ့ဘဲရှိသည်။ အောက်တိုဘာ လထဲ၌ ပစ်ခတ်ခံခဲ့ရချိန်တွင်အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး လူတစ်ဒါဇင်မက ဒဏ်ရာရခဲ့သည်။

ဆူညံ

ထိုပစ်ခတ်မှု ဖြစ်ပွားချိန်၌ အမေရိကန် ဒုတိယကာကွယ်ရေးဝန်ကြီးပေါလ်ဂူလ်ဖိုဝစ်ဇ်သည် ထိုဟိုတယ်၌ ရှိနေခဲ့သော်လည်း ထိခိုက်မှုမရှိခဲ့ပေ။

တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သော ပေါက်ကွဲသံများကြောင့် ဘဂ္ဂဒက်မြို့ လုံးအနှံ့ ဘဝင်ညံသွားခဲ့ပြီး အစိမ်း ရောင်ဒေသအတွင်းမှ သတိပေးဥဩသံများ ဆူညံစွာထွက်ပေါ်ခဲ့သည်။

(အင်တာနက်)

အီရတ်၌ တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားနေမှု ကန့်ကို လုံခြုံရေးမဆောင်ရွက်နိုင်၍ဟု အီရတ်တို့အပြစ်တင်

ဘဂ္ဂဒက် မတ် ၂

အီရတ်နိုင်ငံ၌ အကြမ်းဖက် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းကို ဟန့်တားကာကွယ်သွားနိုင်ရေးအတွက် အီရတ်တာဝန်ရှိသူများသည် နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြပြီး သဘောထားပျော့ပျောင်းသော အီရတ်ခေါင်းဆောင်များကလည်း အချင်းချင်း အတူတကွပူးပေါင်းကာ ညီညွတ်စွာနေထိုင်သွားကြရန် ကြိုးပမ်းလျက်ရှိကြကြောင်း သိရသည်။

အီရတ်အချင်းချင်း စိတ်ဝမ်းကွဲပြားပြီး ဂိုဏ်းဂဏရေးရာကြောင့် ရန်ငြိုးထားကာ ယခုကဲ့သို့ တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး အီရတ်ပြည်သူအများအပြားက အမေရိကန်တို့ကို အပြစ်တင်ဝေဖန်လျက် ရှိကြသည်။

ဘဂ္ဂဒက်၌ ပြီးခဲ့သည့် အင်္ဂါနေ့က အသေခံဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းကြောင့် လူအများအပြား သေဆုံးခဲ့ပြီး ယခုအခါ လုံခြုံရေးတင်းကြပ်ထားကြောင်း သိရသည်။ ကာဘာလာမြို့၌လည်း ပြင်းထန်သော ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ယခုကဲ့သို့ ဖြစ်ပွားရခြင်းသည် အမေရိကန်တို့ကြောင့် ဖြစ်ကြောင်း စွပ်စွဲပြောကြားလျက်ရှိသည်။ (စီအင်န်အင်န်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

လုံခြုံရေးစောင့်ကြပ်

မတ် ၇ ရက်က မိုဆူးလ်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်ဝန်ကြီးချုပ် စင်ကာပူနိုင်ငံသို့ သွားရောက်လည်ပတ်မည်

စင်ကာပူ မတ် ၆

ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်သည် စင်ကာပူနိုင်ငံသို့မတ် ၈ ရက်မှ စတင်ပြီးလေးရက်ကြာခရီးစဉ်အဖြစ် လာရောက်လည်ပတ်မည် ဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက သောကြာနေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

ဗီယက်နမ်ဝန်ကြီးချုပ်ဖန်ဗန်ခိုင်သည် စင်ကာပူနိုင်ငံသို့လေးရက်ကြာလာရောက်လည်ပတ်စဉ်အတွင်း စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်၊ သမ္မတ အက်စ်အာနက်သန်၊ ဝါရင့်ဝန်ကြီးလီကွမ်ယူတို့နှင့် တွေ့ဆုံမည် ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်ဝန်ကြီးချုပ်သည် ၂၁ ရာစုတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး မူဝါဒဆိုင်ရာပူးတွဲကြေညာချက် တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးမည် ဖြစ်သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

ဆက်ဒမ်အစိုးရ၌ တားမြစ်လက်နက်များမရှိကြောင်းအစီရင်ခံစာ
အမေရိကန်ထောက်လှမ်းရေးအဖွဲ့များလျစ်လျူရှုခဲ့ကြ

ဝါရှင်တန် မတ် ၇

အမေရိကန်ထောက်လှမ်းရေးအဖွဲ့များသည် အီရတ်စစ်မဖြစ်မီ နှစ်နှစ်အတွင်း၌ ဆက်ဒမ်ဟူစိန်အစိုးရသည် တားမြစ်လက်နက်များ မပိုင်ဆိုင်ဆိုသော အစီရင်ခံစာများကို သုံးသပ်ခဲ့ကြသော်လည်း လုံးဝပစ်ပယ်ခဲ့သည်ဟု နယူးယောက်တိုင်းမ်သတင်းစာက စနေနေ့တွင် ရေးသားလိုက်သည်။

အီရတ်သိပ္ပံပညာရှင်များနှင့် အခြားသတင်းပေးများထံမှ အစီရင်ခံစာများသည် ထောက်လှမ်းရေးအဖွဲ့များနှင့် ဘုရှ်အစိုးရတို့၏ ကောက်ချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်ရာ ဘုရှ်အစိုးရ၏ ထိပ်တန်းအရာရှိများက လွန်ခဲ့သည့် နှစ် မတ်လ၌ အီရတ်ကိုကျူးကျော်ခြင်းမပြုမီ လက်မခံခဲ့ကြကြောင်း သတင်းစာက ရေးသားသည်။

အမေရိကန်ထောက်လှမ်းရေးအဖွဲ့များနှင့် ဘုရှ်အစိုးရသည် အဖျက်စွမ်းအားကြီးမားသည့် လက်နက်များကို အီရတ်ပိုင်ဆိုင်ကြောင်း ထောက်ခံသည့်သတင်းပေးများထံမှ အစီရင်ခံစာများကိုသာ လူသိရှင်ကြား ထုတ်ပြန်ကြေညာချက်၌ ရည်ညွှန်းကိုးကားခဲ့ကြသည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။

တရားမဝင်လက်နက်များ အီရတ်မပိုင်ကြောင်း ၂၀၀၁ ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ အီရတ်သိပ္ပံပညာရှင်များနှင့် အခြား သတင်းပေးများက အမေရိကန်ထောက်လှမ်းရေးအရာရှိများနှင့် အခြားထောက်လှမ်းရေးအဖွဲ့များအား ပြောကြားခဲ့သည်များကို မိမိတို့သိထားခဲ့ကြောင်း အခြားအစိုးရအရာရှိများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်လက်နက်ကိစ္စ ထင်ယောင်ထင်မှားဖြစ်ရန် စီအိုင်အေ လုပ်ဆောင်ခဲ့

ဘဂ္ဂဒက် မတ် ၇

အီရတ်အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် တစ်ဦးဖြစ်သူ အာမက်ချာလာဘီက အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)သည် အီရတ်၌ရှိသည်ဆိုသော အစွမ်းထက် လက်နက်များနှင့်ပတ်သက်ပြီး အမေရိကန်အစိုးရကို ထင်ယောင်ထင်မှားဖြစ်စေခဲ့သည်ဟု ပြောကြားလိုက်သည်။ ရုပ်သံမေးမြန်းခန်းတစ်ခု၌ ချာလာဘီက ဖြေကြားရာတွင် ၎င်းက အီရတ်လက်နက်များဆိုင်ရာ သတင်းမှားများပေးခဲ့သည်ဆိုသော စွပ်စွဲချက်ကို ငြင်းပယ်ပြီး ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်အစိုးရသည် အီရတ်ရှိ သတင်းပေးများထံမှရရှိသောသတင်းများကို အခြေပြုပြီး အန္တရာယ်ကြီးသော လက်နက်များရှိကြောင်း စွပ်စွဲခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်သူများက ဝေဖန်လျက်ရှိသည်။ ချာလာဘီက အမေရိကန်ထောက်လှမ်းရေးအဖွဲ့အနေဖြင့် ရရှိသော အချက်အလက်များကို ဆန်းစစ်အကဲဖြတ်ရာတွင် ပိုမို စေ့စပ်ကောင်းမွန်အောင် ဆောင်ရွက်သင့်ကြောင်း ပြစ်တင်ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

ဘုရှ်သည် ကန်ပြည်သူများနှင့် ကမ္ဘာကိုလိမ်ပြီး အီရတ်ကို စစ်တိုက်ခဲ့

စင်ကာပူ မတ် ၇

အမေရိကန်ဦးဆောင်တိုက်ခိုက်ခဲ့သော အီရတ်စစ်ပွဲနှင့် ပတ်သက်ပြီး မိမိတို့၏ထင်မြင်ယူဆချက်များကို စီအင်န်အင်န်သတင်းဌာန၏ အိုးပင်းဖိုရမ်အစီအစဉ်သို့ ကမ္ဘာ့နိုင်ငံအသီးသီးမှဆက်လက်ပေးပို့လျက်ရှိကြရာ စင်ကာပူမှ ရှုမြင်သုံးသပ်သူတစ်ဦးက သမ္မတဘုရှ်သည် အမေရိကန်နိုင်ငံ၏ ဂုဏ်သိက္ခာကို သမိုင်းတွင် အနိမ့်ဆုံးအဆင့်ထိကျဆင်းသွားအောင် လုပ်ဆောင်ခဲ့သည်။

၎င်းသည် အမေရိကန်ပြည်သူများနှင့် တစ်ကမ္ဘာလုံးကိုပါ လိမ်ညာသည့် အကြောင်းပြချက်များပေးပြီး အီရတ်ကို တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး သမ္မတဘုရှ်ကိုယ်တိုင်ရရှိခဲ့သော ထောက်လှမ်းရေးသတင်းများသည် အမှားအယွင်းများဖြစ်နေသည်ကို ၎င်းကိုယ်တိုင် သိရှိခဲ့သူမဟုတ်ကြောင်း ရေးသားထားသည်။ **(စီအင်န်အင်န်)**

ထရပ်ကားတစ်စီးကို ကန်တပ်ဖွဲ့ဝင်များပစ်ခတ် ကားပေါ်ရှိပုံးများပေါက်ကွဲ၍ တပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၈

မတ် ၆ ရက်က ဖောက်ခွဲရေးပစ္စည်းများအပြည့်တင်ဆောင်လာသော ထရပ်ကားတစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် ယာဉ်မောင်းသေဆုံးသွားခဲ့ပြီး တံတားပေါ်၌ အဆိုပါကားပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရသွားခဲ့သည်။

ဖြစ်ပွား

အဆိုပါထရပ်ကား ဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် ဘဂ္ဂဒက်အနောက်ဘက် ဟာဘာနီယာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အီရတ်တောင်ပိုင်း အမရာတွင်အမည်မသိ ခုခံတိုက်ခိုက်ရေးသမားများနှင့် သုံးနာရီကြာဖြစ်ပွားခဲ့သောတိုက်ပွဲ၌ ဗြိတိသျှတပ်ဖွဲ့ဝင်ခုနစ်ဦး ဒဏ်ရာရသွားခဲ့ကြောင်း အပေါင်းပါတပ်ဖွဲ့အရာရှိများက ပြောကြားသည်။ ထိုတိုက်ပွဲတွင် အီရတ်သုံးဦးသေဆုံးသည်ဟု ဗြိတိသျှအရာရှိများက ပြောကြားသည်။ အီရတ်အုပ်ချုပ်ရေးကောင်စီဝင်များသည် အီရတ်ထိပ်တန်းခေါင်းဆောင် အယာတိုလာအလီအယ်လ်စစ္စတာနီနှင့် စနေနေ့က တွေ့ဆုံပြီး ကြားဖြတ်ဖွဲ့စည်းပုံ ဥပဒေလက်မှတ်ရေးထိုးရေးကိစ္စကို ကြန့်ကြာစေခဲ့သည့်အငြင်းပွားမှုကို ဖြေရှင်းရန်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ကြားဖြတ်ဖွဲ့စည်းပုံဥပဒေကို တနင်္လာနေ့တွင် လက်မှတ်ရေးထိုးဖွယ်ရှိကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ရှေးဦးလူမျိုးကျေးရွာ ပြင်သစ်၌တူးဖော်တွေ့ရှိ

ပါရီ မတ် ၇

ပြင်သစ်နိုင်ငံ နန်တာရေးမြို့၌ ရှေးဦးဂေါလ်လူမျိုးများ၏ ကျေးရွာတစ်ရွာကို တူးဖော်တွေ့ရှိခဲ့ရာမှ ၎င်းလူမျိုးများနှင့်ပတ်သက်ပြီး ပိုမိုသိရှိလာရကြောင်း သိရသည်။ အဆိုပါ အပျက်အစီးများသည် ဘီစီ-၂၀၀ ခန့်က ဖြစ်ပြီး ရေမြောင်းများ၊ လမ်းများ၊ ရေတွင်းများနှင့် အဆောက်အအုံများ၏ အစိတ်အပိုင်းများဖြစ်ကာ ရောမတို့ မလွှမ်းမိုးမီက မြို့တော်အဖြစ် ရပ်တည်ခဲ့ဟန်တူကြောင်း သုတေသီများက ပြောကြားကြသည်။

(စီအက်ဖ်အိုင်)

မတ် ၇ ရက်က ဘဂ္ဂဒက်မြို့တွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အက်ဖ်အေဖလားပွဲယှဉ်ပြိုင်

မတ် ၆ ရက်က အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အာဆင်နယ်နှင့် ပို့စ်မောက်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ (ယင်းပွဲတွင် အာဆင်နယ်အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားနိုင်ငံအလယ်ပိုင်း အဝေးပြေးလမ်းမကြီးနှစ်ခု နှင်းထုထပ်စွာဖုံးလွှမ်းပြီး ခရီးသည် ၄၀၀၀ နှင့် ကား ၂၂၀၀ ခန့်သောင်တင်နေ

ဆိုးလ် မတ် ၇

တောင်ကိုရီးယားနိုင်ငံ အလယ်ပိုင်းတွင် ရာစုနှစ်တစ်ခုအတွင်း အဆိုးရွားဆုံးနှင်းများ မတ်လထဲ၌ ကျရောက်ဖုံးလွှမ်းခဲ့ပြီးနောက် အဝေးပြေးလမ်းမများပေါ်၌ သောင်တင်နေခဲ့ကြသော ယာဉ်မောင်းထောင်ပေါင်းများစွာသို့ ရဟတ်ယာဉ်များပေါ်မှနေ၍ အစားအစာနှင့် လောင်စာဆီများချပေးခဲ့ရသည်ဟု အရာရှိများက စနေနေ့၌ ပြောကြားလိုက်သည်။

ထိုနေ့ နေ့လယ်ပိုင်းတွင် ဆိုးလ်မြို့နှင့် တောင်ပိုင်းရှိ မြို့ကြီးများသို့ ဆက်သွယ်ထားသော အဓိက အဝေးပြေးလမ်းမကြီးနှစ်ခုပေါ်တွင် ကားစီးရေ ၂၂၀၀ ခန့်သည် ခရီးသည် ၄၀၀၀နှင့်အတူသောင်တင်ခဲ့ရသည်ဟု ကိုရီးယားအဝေးပြေးလုပ်ငန်းကော်ပိုရေးရှင်းက ပြောကြားသည်။

ဖြေရှင်းပေး

လမ်းရှင်းလင်းရေးလုပ်သည့် ယာဉ်များကို ဖြန့်ချပေးခြင်းအပြင် နှင်းဖုံးအဝေးပြေးလမ်းမကြီးများပေါ်၌ ၂၄ နာရီထက်မနည်း ရှိနေခဲ့ကြသော ယာဉ်မောင်းများ၏ အခြေခံလိုအပ်ချက်များကို အစိုးရက ရဟတ်ယာဉ် ၃၄ စင်းဖြင့် ဖြေရှင်းပေးခဲ့ရသည်။

ပေါင်မုန့်၊ ရေနှင့် ခြုံစောင်များအပြင် ဓာတ်ငွေ့များပေးခဲ့ရသည်ဟု အမျိုးသားဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် တန်ပြန်ဆောင်ရွက်ရေးဌာနချုပ်မှ အရာရှိတစ်ဦးက ပြောကြားသည်။

ခန့်မှန်း

နှင်းများကျဆင်းမှုကြောင့် ဝမ်ငွေ ၁၅၅ ဒသမ၄ ဘီလီယံဖိုး (ဒေါ်လာ ၁၃၂ ဒသမ ၈ သန်း) ပျက်စီးဆုံးရှုံးမည်ဟု ဘေးအန္တရာယ်တားဆီးနှိမ်နင်းရေးဌာနက ခန့်မှန်းထားပြီး ဆုံးရှုံးမှုတန်ဖိုး မြင့်တက်လာစရာရှိသည်ဟု ပြောဆိုသည်။

ကျွန်တော်အိမ်ကထွက်လာတာ ယမန်နေ့ နံနက် ၁၀ နာရီကပါ၊ ယခု ကျွန်တော်ကားထဲမှာထိုင်နေရတာ ၂၄နာရီခန့်ရှိပါပြီဟု ပပ်ခ်ဝေါင်ရှစ်စ်ဆိုသူက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

9-3 (6).p65 1 3/24/05, 11:05 PM

ကောလင်းမြို့နယ် ကျောက်ပုထိုးရွှေသတ္တုထုတ်လုပ်ရေးလုပ်ငန်း သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မတ် ၈

သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မတ်၆ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် ကျောက်ပုထိုး ရွှေသတ္တုထုတ်လုပ်ရေးသတ္တုတွင်းသို့ရောက်ရှိရာ ဝန်ကြီးနှင့်အဖွဲ့အား အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ဆက်လက်၍ ဝန်ကြီးသည် စက်ရုံအတွက် အဓိကလိုအပ်သော သတ္တုမြေစာတူးဖော်ရေးလုပ်ငန်းခွင်သို့ ဆက်လက်ထွက်ခွာခဲ့သည်။

ဝန်ကြီးအား အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက သတ္တုသိုက်မြေစာတူးဖော်သည့် မိုင်းဒီဇိုင်း လက်ရှိဆောင်ရွက်နေမှုတို့အား ရှင်းလင်းတင်ပြကြသည်။ ဆက်လက်ပြီး တူးဖော်ရေးရှင်းလင်းဆောင်တွင် အဆင့်နိမ့်သတ္တုအောက်ဆိုက်များမှ ရွှေသီးခြားထုတ်လုပ်နိုင်မှုအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကြိတ်ခွဲစက်ရုံသို့ ရောက်ရှိ၍ သတ္တုရိုင်းများစုပုံထားရှိမှု၊ ကြိတ်ခွဲနေမှုများအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး ကြိတ်ခွဲပြီးသတ္တုရိုင်းအရွယ်အစားအား ကြည့်ရှုခြင်း၊ Conveyor ဖြင့် Ball Mill သို့ပို့ဆောင်မှု၊ Ball Mill ဖြင့်ကြိတ်ဝါးခြင်း၊ Classifierဖြင့်ထပ်မံစိစစ်ခြင်း၊ ထိုမှအမြှုပ်ဖော်သန့်စင်ခြင်းဖြင့် ရွှေဖမ်းယူခြင်း၊ သန့်စင်ပြီး ရွှေပါမြေစာများအား ဖမ်းယူခြင်းတို့အား အသေးစိတ်စစ်ဆေး၍ ကဏ္ဍအလိုက်ယိုဖိတ်မှုမရှိစေရေး၊ စက်ပစ္စည်းများ ရပ်တန့်မှုမရှိစေရေး၊ ကြံ့ခိုင်ရေး၊ ကျွမ်းကျင်သူများက စနစ်တကျကိုင်တွယ်ဆောင်ရွက်ရေးတို့အား မှာကြားသည်။

ရွှေကြမ်းချွတ်ကန်

ဆက်လက်၍ ကန့်ချွတ်စက်ရုံသို့ ရောက်ရှိစစ်ဆေးပြီး ထိုမှရွှေကြမ်းချွတ်စင်စက်ရုံသို့ရောက်ရှိ၍ ကာဗွန်ဖြင့် ရွှေကြမ်းချွတ်ကန်များကို အသေးစိတ်လိုက်လံစစ်ဆေး၍ လိုအပ်သည်များမှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် ရွှေသန့်စင်စက်ရုံသို့ ရောက်ရှိပြီး လျှပ်ကူးနည်းဖြင့် ရွှေသန့်စင်ထုတ်ယူမှုနှင့် သန့်စင်ပြီး ရွှေစင်တုံးနှင့်ရွှေပြားများအား စစ်ဆေး၍ လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံ Work Shopသို့ရောက်ရှိပြီး စက်ရုံမှ သွင်းကုန်အစားထိုး တီထွင်ထားရှိမှု၊ ပြန်လည်ပြုပြင်၍ မောင်းနှင်ရန်အသင့်ဖြစ်နေသော D8N Bulldozer အား စစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။ ဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါ၍ မတ်၇ရက် နံနက်ပိုင်းတွင် ကျောက်ပုထိုးမှ ထွက်ခွာခဲ့၍ ဝန်းသိုမြို့နယ် ရွှေမင်းဝံကုမ္ပဏီဖြင့် ဖက်စပ်လုပ်ကိုင်နေသော ကျောက်ပါးစပ်ဒေသ ရွှေထုတ်လုပ်ရေးစခန်းသို့ ရောက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် ရှင်းလင်းဆောင်တွင် ကျောက်ပါးစပ်ဒေသမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကုမ္ပဏီများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီး ဝန်ကြီးက နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများ၊ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ သိမှတ်စရာများအား ရှင်းလင်းမှာကြား၍ ကျောက်ပါးစပ်လုပ်ကွက်၊ ယမ်းတိုက်ကုန်းလုပ်ကွက်၊ ဖိုးရွှေလှကုန်းလုပ်ကွက်တို့တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်နေမှုများအား လိုက်လံစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အိဓိတာနယ် မိုင်းနင်းရှင်းလင်းဆောင်သို့ ရောက်ရှိ၍ ကျောက်ပုထိုးနယ်မြေတွင် ရွှေထုတ်လုပ်သူများနှင့် တွေ့ဆုံပြီး လုပ်ငန်းရှင်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောက်ပုထိုးစက်ရုံသို့ ဆက်လက်ထွက်ခွာသည်။

ဖြည့်ဆည်းဆောင်ရွက်

ညနေပိုင်းတွင် ဝန်ကြီးသည် စက်ရုံခန်းမ၌ ကျင်းပသော ဝန်ထမ်းမိသားစုဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဝန်ထမ်းနှင့် မိသားစုများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ဝန်ကြီးက ကျောက်ပုထိုးစက်ရုံ၏ ရည်မှန်းချက်တာဝန်များအား ရိုးသားကြိုးစားစွာ ဆောင်ရွက်ရေး၊ ဝန်ထမ်းမိသားစု သက်သာချောင်ချိရေး၊ စနစ်တကျဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားသော ငါးမွေးမြူရေးကန်များ၊ စိုက်ပျိုးရေး၊ ဒေသကြက်မွေးမြူရေး၊ ဆိတ်မွေးမြူရေးတို့အား လိုက်လံ၍ စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၂-၂၀၀၃ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုနှင်းပွဲကို မတ်၇ရက်က ယင်းကျောင်းတော၈ခန်းမ၌ကျင်းပရာ ကျောင်းအုပ်စုဇုန်နယ်မြေ ဘက်စုံပညာပြိုင်ပွဲတွင် မြန်မာစာ ပထမ၊ ကျောင်းလုပ်ငန်းထူးချွန်ပထမ၊ ဘက်စုံထူးချွန်ဒုတိယနှင့်တတိယတန်းတွင် ပထမရရှိသော မခိုင်ဆုဝေကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြိုင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နို့ထုတ်လုပ်မှုဆိုင်ရာ ခေတ်မီနည်းပညာဖြန့်ဖြူးရေးသဘောတူ ဘေးအန္တရာယ်ကင်းရှင်းသောပစ္စည်း ထုတ်လုပ်နိုင်မည်

ရန်ကုန် မတ် ၈

ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် တစ်ပိုင်တစ်နိုင် နို့ထုတ်လုပ်မှုဆိုင်ရာ ခေတ်မီနည်းပညာဖြန့်ဖြူးရေးနှင့် သင်တန်းလုပ်ငန်းစီမံကိန်း သဘောတူညီချက်လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Tang Zhengping၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဇော်ဝင်းမြတ်၊ လုပ်ငန်းစီမံကိန်း ဦးဆောင်ကော်မတီဝင်များနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်နှင့်ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengpingတို့က အမှာစကားပြောကြားပြီး သဘောတူညီချက်ကိုလက်မှတ်ရေးထိုးလဲလှယ်ကြသည်။ လုပ်ငန်းစီမံကိန်းကာလမှာ ၂၀၀၄ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ နှစ်နှစ်ဖြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ အမေရိကန်ဒေါ်လာ ၃၁၁သမ၅၆သိန်း ထောက်ပံ့မည်ဖြစ်သည်။

ပညာဖြန့်ဖြူး

အဆိုပါ စီမံကိန်းအရ ကျွဲ၊ နွားနို့ကို အရည်အသွေးမပျက်တာရှည်စွာကိုင်တွယ်ထိန်းသိမ်းခြင်း၊ တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းများအဖြစ် တစ်ပိုင်တစ်နိုင် ပြုပြင်ထုတ်လုပ်ခြင်းတို့နှင့် စပ်လျဉ်းသည့် ခေတ်မီနည်းပညာများကို မွေးမြူသူများ၊ နို့ဝယ်ယူစုဆောင်းရောင်းချသူများနှင့် ပြုပြင်ထုတ်လုပ်သူများအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လေ့ကျင့်ပညာပေးရေးသင်တန်းတွင်လည်းကောင်း၊ မွေးမြူထုတ်လုပ်သူများရှိရာသို့ ကွင်းဆင်း၍လည်းကောင်း သင်ကြား၊ ဆွေးနွေး၊ လက်တွေ့ပြသကာ နည်းပညာဖြန့်ဖြူးသွားမည်ဖြစ်သည်။

ထောက်ကူ

ယင်းလုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နို့အရည်အသွေး စစ်ဆေးခြင်း၊ အရည်အသွေးမပျက် သိုလှောင်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းတို့နှင့်စပ်လျဉ်းသည့် ခေတ်မီနည်းပညာများကို တစ်ပိုင်တစ်နိုင် မိသားစုအလိုက် လက်တွေ့လုပ်ကိုင်နေသူများ သိရှိဆောင်ရွက်နိုင်မည်ဖြစ်၍ အရည်အသွေး ပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသော နို့နှင့် နို့ထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ထွက်ကုန်ပစ္စည်း အမယ်သစ်(အမည်သစ်)များ တိုးချဲ့ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးတို့အတွက် အထောက်အကူများစွာ ရရှိမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

မတ်၃ရက်က ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသော 3rd MSC International Cyberlaws Conference အစည်းအဝေး၌ သဘာပတိအဖြစ် ဆောင်ရွက်စဉ်။ (သတင်းဖော်ပြပြီး) (ရှေ့နေချုပ်ရုံး)

ဘဏ္ဍာ/အခွန်ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဝန်ထမ်းများအားတွေ့ဆုံမှာကြား

ရန်ကုန် မတ် ၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည် မတ်၂ရက်တွင် မော်လိုက်မြို့သို့ ရောက်ရှိပြီး ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းနှင့်ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ ဝန်ထမ်းများအားတွေ့ဆုံ အမှာစကားပြောကြားသည်။

အမှာစကား

ဒုတိယဝန်ကြီးသည် မတ်၅ရက်တွင် ကလေးမြို့နယ် ကလေးတပ်နယ်ခန်းမ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ကလေးမြို့နှင့် ကလေးဝမြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည် မတ်၆ရက် မွန်းလွဲပိုင်းတွင် ကလေးမြို့မှ မန္တလေးမြို့သို့ လေယာဉ်ဖြင့် ရောက်ရှိလာပြီး ရှေးဦးစွာ ပလိပ်မြို့ရှိစက္ကူစက်ရုံသို့ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးမြို့ ပြည်နယ်/တိုင်း အကောက်ခွန်ဦးစီးဌာန နယ်မြေ(၁) ရုံးသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

စစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး စစ်ကိုင်းတိုင်း မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါပုံမြို့နယ်ရုံး၏စီစဉ်မှုဖြင့် ဒေါပုံမြို့နယ် ဝါဆိုရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မတ်၃ရက်က နယ်လှည့်စာကြည့်တိုက်နှင့် စာပေဖျိုးခင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ရီနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်
အိုင်အယ်လ်အိုညွှန်ကြားရေးမှူးချုပ်၏အထူးအကြံပေးပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များအားလက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အိုင်အယ်လ်အိုညွှန်ကြားရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Francis Maupain နှင့်အဖွဲ့ဝင်များအား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးတင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

● **ကျောဖုံးမှ**

ထိုသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်မှူးချုပ် ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ် လှရွှေ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သန်းအောင်၊ ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်း၊ တပ်မတော်တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဘောလုံးနှင့် ဘော်လီဘော ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ စစ်သံမှူး Colonel Jasvinder Singh Chopra တို့ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

တွေ့ဆုံမှာကြား

မြန်မာ့တပ်မတော်ဘောလုံးနှင့် ဘော်လီဘောအားကစားအဖွဲ့ မထွက်ခွာမီ တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အားကစားအဖွဲ့ဝင်များအား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဧည့်ခန်းမ၌ တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

သစ်ဆိမ့်ပင်ရွာ ဓမ္မာရုံ ရေစက်ချပွဲ ကျင်းပမည်

ရန်ကုန် မတ် ၈

ရန်ကုန်မြို့ ထောက်ကြန့်-ပုပ္ပားကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ၊ သစ်ဆိမ့်ပင်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဝိပုလတို့အား အမှူးထား၍ တပ်ကုန်းမြို့နယ် သစ်ဆိမ့်ပင်ရာပြည့်ကျောင်းတွင် မတ် ၈ ရက်မှ ၁၄ ရက်အထိ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားစခန်းပွဲ၊ မတ် ၁၅ ရက်တွင် ဒုလ္လဘရဟန်းခံ စုပေါင်းရှင်ပြုပွဲနှင့် ဘဒ္ဒန္တ ပဏ္ဍိစ္စအား ဂုဏ်ပြုပူဇော်ပွဲ၊ မတ် ၁၆ ရက်တွင် ဘဒ္ဒန္တ ပဏ္ဍိစ္စ၊ ဘဒ္ဒန္တ ဝိပုလတို့၏ သြဝါဒနှင့်အညီ သစ်ဆိမ့်ပင်ရွာ ဥက္ကဋ္ဌ ဦးမိုးညိုနှင့် ရွာသူရွာသားများ၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပြီးစီးသွားသော သာသနိက ဓမ္မာရုံကြီးကို လှူဒါန်းရေစက်ချပွဲကို ကျင်းပမည်ဖြစ်ရာ ဒုလ္လဘရဟန်းများနှင့် တရားစခန်းဝင် ယောဂီများကို အရဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းလိုပါက ဖုန်း-၆၀၀၀၂၈သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။

(က-ပ)

ဘဏ္ဍာ/ အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဂျပန်အဖွဲ့တွေ့ဆုံ

ရန်ကုန် မတ် ၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ယနေ့မွန်းလွဲ ၂နာရီတွင် ဂျပန်နိုင်ငံမှ Nissho Iwai International (Singapore)Ltd မှ Managing Director Mr.Hiroshi Kane Matsu နှင့်အဖွဲ့က ဝန်ကြီး၏ဧည့်ခန်းသို့ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။

ယင်းသို့တွေ့ဆုံနှုတ်ဆက်ရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များလည်း တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေရတုသဘင်နှင့် အာစရိယပူဇော်မည်

ရန်ကုန် မတ် ၈

မြိတ်မြို့ အထက(၂)တွင် နှစ်(၅၀)ပြည့်ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲကို မတ် ၂၄နှင့် ၂၅ ရက်တို့တွင် ပြပွဲများ၊ စွမ်းရည်ပြိုင်ပွဲများ၊ ပဒေသာကပွဲများနှင့် ပျော်ပွဲ ရှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အနယ်နယ်အရပ်ရပ်သို့ရောက်ရှိနေသော ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအား ဖိတ်ကြားထားကြောင်း သိရသည်။ အာစရိယပူဇော်ပွဲတွင် သွားလာရေးနှင့် တည်းခိုရေးများ စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းအုပ်ဆရာမကြီး အထက(၂) မြိတ်မြို့ ဖုန်း-၀၅၉-၄၁၇၈၈၊ ဒေါ်သီတာဖြူ၊ ဒေါ်ထားထားမြင့်၊ ဒေါ်သိန်းသိန်း မြိတ်မြို့ ဖုန်း-၀၅၉-၄၁၇၈၈၊ ၄၁၈၅၄၊ ဦးသွင်စိန်၊ ဦးမောင်ထွေး၊ ဦးဝင်းမြတ် မြိတ်မြို့ ဖုန်း-၀၅၉-၄၁၅၈၆၊ ၄၁၁၄၉၊ ၄၁၈၆၂၊ ဦးမောင်လှ၊ ဒေါက်တာဘာကြူ၊ ဦးရဲဆွေ ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၄၉၆၉၊ ၅၀၁၀၁၇၊ ၀၉-၉၉-၂၁၀၉၄နှင့် ဦးမောင်မြင့်၊ ဦးရဲကျော်သူ ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၁၈၆၉၊ ၆၅၂၁၇၈၊ ၀၉-၅၀-၁၁၆၁၄ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၉-၃-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	ကဗျာပန်းဥယျာဉ်
၈:၀၀	၇။	အတီးပြိုင်ပွဲ
၈:၁၀	၈။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၉။	ပုလင်းရေလှောင်တမံ
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Grammer Made Easy
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၂ ခုနှစ်)
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) [သတ္တဗေဒ]
၁၇:၁၅	၆။	ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာအက
၁၇:၃၀	၇။	ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၄၅	၈။	(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၅၅	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	ကြေးမုံရိပ်သွင်တေးနုယဉ်
၁၉:၂၀	၁၃။	သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉:၃၀	၁၄။	တေးဂီတအစီအစဉ်
၁၉:၄၅	၁၅။	(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် (စစ်ချီစစ်ရေးစစ်တေးကဗျာ) (အပိုင်း-၂) (ဂီတလုလင် အကယ်ဒမီ ဦးကိုကိုနှင့်ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသားကျောင်းသူများ)
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဓာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၈)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့ ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဆရာတော်သံဃာတော်များထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင်က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ဇနီးနှင့်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီးတို့က ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က သာသနာ့အာဇာနည် အရှင်သူမြတ်နှစ်ပါးဖြစ်ကြသည့် အဂ္ဂမဟာ အကျော် ဘဒ္ဒန္တသုနန္ဒနှင့် မဇ္ဈိမနိကာယပိဋ္ဋ ဘဒ္ဒန္တဇာနေယျတို့ထံ လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သာသနာ့အာဇာနည် အရှင်သူမြတ် နှစ်ပါးတို့၏ ရဟန်းဒါယကာ ရဟန်း ဒါယိကာမများက သာသနာ့အာဇာနည် အရှင်သူမြတ်နှစ်ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တရားဟောကြားမည်

ရန်ကုန် မတ် ၈

တာချီလိတ်မြို့ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲ၃၄၈၏(၁၁)ကြိမ်မြောက်အလုပ်ပေး တရားစခန်းကို တာချီလိတ်မြို့ဟောင်လိတ်ကျေးရွာအုပ်စု၊ ဝေ့ရဲကျေးရွာရှိ အဆိုပါတရားရိပ်သာ၌ မတ် ၁၅ ရက်မှ ၂၄ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါတရားစခန်းတွင်ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယတိုင်း သာသနာ့ တက္ကသိုလ် (ရန်ကုန်)ကထိက မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ အရန်နာယက ရန်ကုန်မြို့ ကျိုက္ကလော့ဆရာတော် ဘဒ္ဒန္တ စန္ဒာဝရ ဘိဝံသ (သစအမော်စရိယ) အရှင်သူမြတ်ကပဋ္ဌိစ္စသမုပ္ပာဒ်တရားတော်များ ဟောကြားတော်မူမည် ဖြစ်ကြောင်း သိရသည်။ (၄၂၀)

သားငါးပွံ့ဖြိုး ပြည်အကျိုး

သံယောဇဉ် လွှန်းတင်သည့်ကြိုး

ကိုယ့်ငါးချဉ်မို့ချဉ်သည်ပြောရမည်ကို အလွန်အားနာမိပါ၏။ တိုင်းရင်းသားမဂ္ဂဇင်းသည် အရှာရခက်သော စာအုပ် ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ အကြောင်းမှာ ထုတ်ဝေသည့် စောင်ရေနည်းသည်။ အခမဲ့ဖြန့်ဝေသောကြောင့် မည်သည့်စာအုပ်ဆိုင်ကိုမျှ မတင်။ သက်ဆိုင်ရာ ရုံးဌာနများသို့ ရောက်သည်။ တစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းအားလုံး၏ စာကြည့်တိုက်များသို့ ရောက်သည်။ မဂ္ဂဇင်းစာအုပ်ပေးပို့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း အဆိုပါ တက္ကသိုလ်၊ ကောလိပ်အသီးသီးက ပြန်ကြားလာသောအခါ ဂုဏ်ယူဝမ်းသာဖြစ်မိသည်။ ထိုနည်းတူစွာ ကျွန်တော်တို့ ဦးစီးဌာနအနေဖြင့်လည်း တိုင်းရင်းသား မဂ္ဂဇင်း အတွက် စာမူပေးပို့ကြသော စာရေးဆရာ ဆရာမများ၊ ပန်းချီ၊ ကာတွန်း ပညာရှင်များ၊ ဒီဇိုင်းပညာရှင်များပါ မကျန် အားလုံးကို ကျေးဇူးတင်မိပါသည်။

မည်သည့်အကြောင်းအရာကို ဦးတည်ရေးသားပေးပါဟု ကျွန်တော်တို့ ဘယ်တုန်းကမှ မတောင်းဆို။ သို့သော် သူတို့ခံစားမွေးဖွားပေးလိုက်သော ကာတွန်း၊ ကဗျာ၊ဝတ္ထု၊ ဆောင်းပါးများတွင် နယ်စပ်ဒေသများ၏ အငွေ့အသက်၊ တိုင်းရင်းသားသွေးချင်းတို့၏ ချစ်စဖွယ် ဓလေ့ထုံးတမ်းအစဉ်အလာများက တစ်ချိုးတစ်ကွေ့တွင် အလိုလိုပါနေပြီး ဖြစ်လေတော့သည်။ ထူတာနှင့် ပါးတာပဲကွာ၏။ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) (ယိမ်းနွဲ့ပါး)က ကချင်ပြည်နယ်မှ ရဝမ်တိုင်းရင်းသား၊ တရုံတိုင်းရင်းသားစသည်တို့နှင့်ပတ်သက်၍ ဗဟုသုတ ဖြစ်ဖွယ်ရာများကို ဖြန့်ဝေပေးဖူးသည်။ ဆရာကိုသုမောင်က နယ်စပ်နှင့်ပတ်သက်၍ သူ့ခြံစည်းရိုးကလေးနှင့် နိမိတ်ပုံ ပြဖူးသည်။ ဆရာမင်းလူက ကရင်ပြည်နယ် ကော့ကရိတ်မြို့ စာပေဟောပြောပွဲလေးကို ပြန်လည်တမ်းတသည်။ တစ်ခါ–ငယ်စဉ်က ဖခင်ဖြစ်သူနှင့်ခရီးသွားရင်း ပျော်မွေ့ခဲ့ရသည်များကို အမှတ်တရ ရေးဖူးသည်။ ခေါင်းစဉ်က အရပ်ရှစ်မျက်နှာ။ ဆရာအဏ္ဏဝါစိုးမိုးက ရခိုင်ရိုးရာကျင်ပွဲတွေ၊ ထိမ်းမြားလက်ထပ်ခြင်းဓလေ့တွေကို ဟာသလေးများ နှောကာနှောကာ ရေးဖူးသည်။ ဆရာမ ဝင်းဝင်းလတ် ရေးသားပေးပို့ခဲ့သော ကစ္ဆပနဒီမှ ဧရာဝတီသို့ ဝတ္ထုရှည်ကိုလည်း ဖော်ပြခွင့်ရခဲ့သည်။ တိုင်းရင်းသားအလှ သဘာဝကဏ္ဍတွင်မူ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)နှင့် (မန္တလေး)တို့၏ မနုဿဗေဒဌာနမှ ဆရာမများက ပင်တိုင်။ ထိုနည်းနှင့်ပင် အခြား အခြားသော စာရေးဆရာ ဆရာမများကလည်း ဒေသအသီးသီးမှ အကြောင်းအရာ အစုံစုံကို ဆောင်ယူလာကြသည်။ သုတရသအမျိုးမျိုးပေးသည်။ သူတို့အဘယ်ကြောင့် ဤသို့ ရေးဖွဲ့ခဲ့ကြသနည်း။ ဆရာတက္ကသိုလ်ဘုန်းနိုင် ရှင်းပြခဲ့ဖူးသည့် မေတ္တာ၊ ကရုဏာ၊မုဒိတာတို့နှင့် ယှဉ်သော ဇောစေတနာ(Inspiration)ကြောင့်ပဲ ဖြစ်ခြိမ့်မည်။

ဆရာ တက္ကသိုလ်ဘုန်းနိုင် မကွယ်လွန်မီက တိုင်းရင်းသားမဂ္ဂဇင်းအတွက် စာမူများကို မကြာ မကြာချီးမြှင့်ပေးတတ်သည်။ တာဝန်ခံအယ်ဒီတာ ဦးလင်းဇော်ခိုင် ဖွဲ့ကောင်းတာလည်းပါမည်။ သန်လျင်နေအိမ်ထိ တစ်ခုတ်တစ်ရ သွားတောင်းတတ်သူ ဖြစ်၏။ တစ်ကြိမ်က ဆရာသည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့နှင့် ကျုံဂျူမြို့များ၌ ကျင်းပမည့် ယဉ်ကျေးမှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ တစ်ခုသို့တက်ရောက်ရန် ထွက်ခွာမည့်ဆဲဆဲ အချိန်ကာလနှင့် ကြုံနေသည်။ ကိုရီးယားကအပြန် ရေးပေးပါဆရာရယ်ဟု ဦးလင်းဇော်ခိုင်က နားပူနားဆာ လုပ်လိုက်သောကြောင့် ထိုခရီးစဉ်မှ ပြန်အရောက်တွင် စာမူတစ်ခု ရခဲ့သည်။ နှစ်ဆယ့်တစ်ရာစုနှစ် ဖွံ့ဖြိုးတိုးတက်မှုသစ် မုခ်ဦးမှာ။

ဆရာ၏ ဆောင်းပါးထဲတွင် ၁၉၉၉ ခုနှစ် မေလ ၂၅ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံ၌ အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ ပူးတွဲဆွေးနွေးခဲ့ကြသော “နှစ်ဆယ့်တစ်ရာစုကာလအတွင်း ယဉ်ကျေးမှုထွေပြားခြားနားမှု” (The Cultural Diversity in the 21st Century) ခေါင်းစဉ်ပါ အကြောင်းအရာတော်တော်များများပါဝင်သည်။ ရုပ်ပိုင်းဆိုင်ရာ ကြီးပွားချမ်းသာမှု၌ ထိပ်ရောက်နေသည့် နိုင်ငံအများအပြားသည် မျှော်လင့်မထားမိသော လူမှုရေး၊ စာရိတ္တရေး၊ စိတ်ဓာတ်ရေးဆိုင်ရာ ပြဿနာသစ်များရင်ဆိုင်နေကြရပုံ၊ ယဉ်ကျေးမှုသည် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်၏ အစိတ်အပိုင်းတစ်ရပ်သာ မဟုတ်တော့ဘဲ ဖွံ့ဖြိုးတိုးတက်မှုကိုယ်၌သာ ယဉ်ကျေးနေရန်လိုအပ်ပုံ၊ အဆိုပါ ယဉ်ကျေးသော ဖွံ့ဖြိုးတိုးတက်မှုကသာ နှစ်ဆယ့်တစ်ရာစုကြီးကို ငြိမ်းချမ်းသောရာစုနှစ် (The Century of peace) အဖြစ်အာမခံချက် ပေးနိုင်ပုံစသည်တို့နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးချက် အချို့ကို ထည့်သွင်းဖော်ပြထားသည်။

မြင့်စိုး(နတလ)

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ၁၉၅၃ ခုနှစ် စစ်ပွဲပြီး ပြာပုံအဖြစ်သာ ကျန်ခဲ့သော အခြေအနေမှ လက်ရှိအခြေအနေသို့ ရောက်အောင် နှစ်ပေါင်း ၄၀အတွင်း ကြိုးစားရန်းကန်ခဲ့ကြကြောင်း၊ ထိုသို့ ကြိုးစားရပ်တည်နိုင်မှုအတွက် ကိုရီးယားသမ္မတနိုင်ငံသားတို့က ဂုဏ်ယူကြကြောင်း၊ ဆွေးနွေးပွဲတွင် ပါဝင်သော ကိုရီးယားပါမောက္ခကြီးတစ်ဦးကဆိုလျှင် “၁၉၅၃ခုနှစ်အထိ ကျွန်တော်တို့နိုင်ငံဟာ ဆင်းရဲပြီး ခေတ်နောက်ကျကျန်ရစ်တဲ့ နိုင်ငံလေးပါပဲ။ တိုင်းတစ်ပါးသားတွေက ကျွန်တော်တို့ကို ပျင်းရိပြီး ဝီရိယမရှိတဲ့သူတွေ လို့တောင် ခေါ်ခဲ့ကြတာကလား။ အဲဒါတွေကိုပြုပြင်ပြီး ကျွန်တော်တို့ ကြိုးစားခဲ့ကြတယ်ဗျာ”ဟု ပြောသွားကြောင်း၊ သို့သော် ဤမျှ ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံသားတို့ စိတ်မချမ်းမမြေ့ ဖြစ်နေကြရသည်မှာ ပြင်ပ ပယောဂများကြောင့် သူတို့နိုင်ငံ နှစ်ခြမ်းကွဲနေရသည့်ကိစ္စပင်ဖြစ်ကြောင်း စသည်ဖြင့် အတုယူဖွယ်၊ သံဝေဂတရားရဖွယ်တို့ကို ရေးသားထား၏။

သူ့အသက် နှစ်ပေါင်း၇၀ အတွင်း နိုင်ငံတော်တစ်ဝန်း ယခင်က သူရောက်ဖူးပြီးနေရာများ မယုံနိုင်လောက်အောင် ပြောင်းလဲနေသည်ကို တွေ့ရကြောင်းပြောသည်။ မြို့သစ်ကြီးတွေ၊ အဆောက်အအုံသစ်ကြီးတွေ၊ လမ်းသစ်ကြီးတွေ၊ လုပ်ငန်းခွင်အသစ်ကြီးတွေ၊ ဆည်သစ်ကြီးတွေ အားလုံးသည် အကောင်းအတွက် ပြောင်းလဲခြင်း(Change for the Better)ဟုထင်မြင်ချက်ပေးသည်။ ၂၁ရာစု နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မုဒိတာစိတ်များ ဖိတ်အံကျလာမှုကိုဖော်ပြသည်။ ပြည်ပပယောဂများက နိုင်ငံတော်ကို အစိတ်စိတ် အမြွာမြွာပြိုကွဲအောင်၊ ပျက်စီးအောင် ကြံစည်အားထုတ် ပြုမူခဲ့လင့်ကစား၊ မပြိုမကွဲမယိမ်းမယိုင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်အောင် တိုင်းရင်းသားညီအစ်ကို အားလုံး၏ သတိကြီးမှု၊အရှည်မြော်မြင်တတ်မှုတို့အပေါ် ဝမ်းမြောက်စွာ ရည်ညွှန်းသည်။ လူမျိုးတစ်မျိုးတည်း၊ ဘာသာစကားတစ်ခုတည်း၊ ယဉ်ကျေးမှု တစ်ခုတည်းသာရှိသော နိုင်ငံတွင် စည်းလုံးညီညွတ်မှုတည်ဆောက်ရန် အခက်အခဲမရှိသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်မှာကိုလည်း အံ့သြစရာ သိပ်မရှိကြောင်း၊ လူမျိုးပေါင်းစုံနေထိုင်ကြသော နိုင်ငံများ၏ သမိုင်းအခြေအနေ၊ အခက်အခဲအတားအဆီးများ၏ သဘာဝကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှုန်း မတူညီနိုင်သည့်တိုင် စိတ်ပျက်အားငယ်ဖွယ် မရှိကြောင်း နှိုင်းယှဉ်ပြသည်။ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေ အဓိကအခက်အခဲတွေကို ကျော်နိုင်ခဲ့ပြီ။ ရရှိထားသော အောင်မြင်မှုတွေကို ပိုင်ပိုင်ဆုပ်ကိုင်ထားပြီး အနာဂတ်လမ်းပေါ်ဝယ် အမျိုးသားရေးမေတ္တာ၊ ကရုဏာ၊ မုဒိတာတွေနှင့် ကျွန်တော်တို့ လျှောက်လှမ်းကြပါစို့ဟူ၍လည်း တိုက်တွန်းဆန္ဒပြုသွားခဲ့သည်။

ဆရာ တက္ကသိုလ်ဘုန်းနိုင် ကွယ်လွန်ခဲ့ပြီ။

နှစ်ဆယ့်တစ်ရာစုနှစ် မုခ်ဦးဆီသို့ နိုင်ငံတော်၏ အဝင်ခရီးကို ကြိုတင်မှန်းဆ ပုံဖော်ကြည့်မြင် ခံစားသွားခဲ့သည်။ နုနုရွရွ အချစ်အလွမ်း ရသဝတ္ထုများ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးခဲ့သူပီပီ သံယောဇဉ်ကြိုးဟု အမွှမ်းပြု၏။ တစ်နည်းအားဖြင့်ဆိုလျှင် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။

ဆရာသက်ရှိထင်ရှားရှိခဲ့စဉ်က မယုံကြည်နိုင်လောက်အောင် တွေ့မြင်ခဲ့ရသည်ဆိုသော ပြောင်းလဲဖြစ်ပေါ်တိုးတက်မှုများတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအခန်းကဏ္ဍမှာ မည်သည့် ခေတ်အခါတွင်မှ မရရှိခဲ့ဖူးသေးသော အောင်မြင်မှုပေတည်း။ လက်တွေ့အားဖြင့်လည်း ကျွန်တော်တို့သည် သံသယများ၊ အာဃာတများ၊ အမုန်းများ၊ အငြိုးအတေးများလုံးဝမပါသည့် သံယောဇဉ်ကြိုးတစ်ချောင်းကို ရယူပိုင်ဆိုင်ခဲ့ကြပေပြီ။ ထိုသံယောဇဉ်ကြိုးကို ထပ်ပိုး၍ လွှန်းတင်နိုင်မည့် အခြေအနေကောင်းတစ်ရပ်အား ကျွန်တော်တို့ တွေ့မြင်နေရပြန်ပေပြီ။ ထိုအရာမှာ ကရင်ပြည်နယ်ကြီးတစ်ခုလုံး အေးချမ်းသာယာစေဖို့ ထောက်ကူမှု ပြုပေးမည့် သံယောဇဉ်ကြိုးတစ်မျှင်။(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကရင်ပြည်နယ် ဘားအံမြို့၌ ဘားအံတက္ကသိုလ်ပင်မဆောင် ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။ ထိုဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ အမှာစကားများထဲမှာ အောက်ပါအချက်များသည် ကရင်ပြည်နယ်သူ ပြည်နယ်သားများသာမက နိုင်ငံသားအားလုံးအတွက် စိတ်ချမ်းမြေ့စရာဖြစ်ခဲ့ရသည်။

* **ယခုအခါ ကရင်ပြည်နယ်ကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းလာစေရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေရဆဲအခြေအနေ၌ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကလည်း လိုလားတောင့်တနေခြင်းကြောင့် အခြေအနေကောင်းများ ဖြစ်ထွန်းလာတော့မည်ဟု မျှော်မှန်း၍ရနေပြီ ဖြစ်ကြောင်း။**
* **နိုင်ငံတော်အစိုးရအနေဖြင့် မိသားစုတစ်စုတည်းမှ ပေါက်ဖွားလာသည့် သွေးချင်းသားရင်းညီအစ်ကိုများကြား နှစ်ပေါင်းထောင်ချီစွဲမြဲဖြစ်ထွန်းလာခဲ့သည့် စည်းလုံးညီညွတ်မှုအစဉ်အလာကောင်းများ ပြန်လည်ဖြစ်ထွန်းလာစေရန် မလျော့သောဇွဲလုံ့လဖြင့် ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း၊ ဘေးပယောဂ သွေးခွဲသပ်လျှိုမှုများကို အမျိုးသားရေး ကိုယ်ခံအား အပြည့်အဝဖြင့် တွန်းလှန် ဖယ်ရှားပြီး မိမိတို့သွေးချင်းသားရင်းများအကြား အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ အပြန်အလှန်ရိုးသားဖြောင့်မတ်မှု၊ စိတ်ကောင်း စေတနာထားရှိမှုတို့ကို ခိုင်ခိုင်မြဲမြဲတည်ဆောက်ကြမည်ဆိုလျှင် ကရင်ပြည်နယ်ကြီးသည်လည်း မကြာမီသော ကာလတွင် အခြားသော ပြည်နယ်၊ တိုင်းများနည်းတူ အပြည့်အဝ ငြိမ်းချမ်းသာယာလာတော့မည်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း။**

သံယောဇဉ်လွှန်းတင်သည့်ကြိုးသည်–

မိမိတို့ သွေးချင်းသားရင်းညီအစ်ကိုများ၏ နှလုံးအိမ်တွင် သန္ဓေတည်သည်။အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန် ယုံကြည်လေးစားမှု၊ အပြန်အလှန်ရိုးသားဖြောင့်မတ်မှု၊ စိတ်ကောင်း စေတနာထားရှိမှုတို့ဖြင့် ပေါင်းစည်းနှောင်ဖွဲ့ထားသည်။

ထိုသံယောဇဉ်ကြိုးဖြင့် သွေးချင်းသားရင်း ညီအစ်ကိုများအကြား နှစ်ပေါင်း ထောင်ချီစွဲမြဲဖြစ်ထွန်းလာခဲ့သည့် စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများကို မပျောက်မပျက် မယိုင်မလဲ မပြိုမကွဲရလေအောင် စည်းနှောင်ကြပါစို့။

ဘေးပယောဂ သွေးခွဲသပ်လျှိုမှုများကို ပိုင်းခြားတားဆီး ကာကွယ်ကြပါစို့။ ။

မြဝတီရုပ်မြင်သံကြား

၉-၃-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Importance of micro business in Economic Development (အိမ်တွင်းစီးပွား)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အချစ်လေပြည်”** (အပိုင်း–၂၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သစ္စာမဏ္ဍိုင်”**(အပိုင်း–၁၉)

ပေးအပ်

မတ်ဖရက်က သဃၤန်းကျွန်း မြို့နယ်အခြေခံပညာမူလတန်းကျောင်း အမှတ်(၈)၏ ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက မအေးမြတ်သူအား သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။

(က–ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတို့ ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအတွက် ပထမ အကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင်ဆရာတော်ကိုယ်စား ဒါယကာတစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက် အလှူငွေပေးအပ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ချီးမြှင့်

ရန်ကုန် မတ် ၈

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ချီးမြှင့်၍ အလှူငွေများလက်ခံသည်။

အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ (၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက် စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းနှင့် စစ်ကြောင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ တပ်မတော်စစ်သမိုင်းပြတိုက် ဧည့်ခန်းမ၌ မန္တလေးမြို့ ရန်ကင်းတောင်ခြေမှ မြကျောက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရက လှူဒါန်းသည့် ငွေကျပ် သိန်း ၉၀တန်ဖိုးရှိ မြကျောက် ကမ္ဘာ့အဆင့်မြင့် သဘာဝရေသန့် ပုလင်း ၅၀၀၀၀ကို ဆရာတော်၏ တပည့်ဒါယကာများက ပေးအပ်လှူဒါန်းရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပထမအကြိမ်အလှူငွေပေးအပ်ပွဲအခမ်းအနားကို တပ်မတော်စစ်သမိုင်းပြတိုက် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် ၃၅၃၀၀၀ တန်ဖိုးရှိ အပ်ချုပ်စက် ၁၀လုံး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ငွေကျပ် ၁၀သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၁၀ သိန်း၊မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်က ငွေကျပ် ၁၀သိန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဘဏ်လီမိတက်က ငွေကျပ် ငါးသိန်း၊ ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ်သိန်း ၃၀၊ မြန်မာယူနီဗာဆယ်ဘဏ်က ငွေကျပ် ငါးသိန်း၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ကငွေကျပ် တစ်သိန်းနှင့် အာရှဓနဘဏ်လီမိတက်က ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းကြရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင် တစ်ဦးက လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင် ၈၂ ဦးတို့က လှူဒါန်းငွေကျပ် ၃၇၂၀၇၀၀၀ နှင့် လှူဒါန်းမှု ပစ္စည်းတန်ဖိုးငွေကျပ် ၂၅၅၁၇၀၅၀ စုစုပေါင်း ငွေကျပ် ၆၂၇၂၄၀၅၀ ကို လှူဒါန်းကြသည်။ **(သတင်းစဉ်)**

_စာမျက်နှာ ၉ မှ_

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ကျေးဇူးတော်ရှင် သက်တော်ရှည် မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တသောဘိတအား သက်တော်ရာကျော်ရှည်ပါစေကြောင်း ဆုတောင်းပတ္ထနာဂါထာတော်များကို တိုင်းသံဃနာယကအဖွဲ့ဝင် နိကာယ်ငါးရပ် ပိဋကသုံးပုံစာသင်တိုက်ကြီး၏ စာချဂဏဝါစကဆရာတော် ဘဒ္ဒန္တနရိန္ဒက ရွတ်ပွားပူဇော်သည်။

ဖတ်ကြားပူဇော်

ဆက်လက်၍ နိကာယ်ငါးရပ် ပိဋကသုံးပုံ စာသင်တိုက်ကြီး၏ အောင်မြင်တိုးတက်မှု မော်ကွန်းစာလွှာကို မြို့နယ်သံဃနာယကအဖွဲ့ဝင် နိကာယ်ငါးရပ် ပိဋကသုံးပုံ စာသင်တိုက်ကြီး၏ ဒုတိယတိုက်အုပ် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအရိယက ဖတ်ကြားတော်မူသည်။

ထို့နောက် သာသနာ့အာဇာနည် အရှင်သူမြတ် နှစ်ပါးဖြစ်ကြသည့် အဂ္ဂမဟာအကျော် ဘဒ္ဒန္တသုနန္ဒနှင့် မဇ္ဈိမနိကာယဝိဒူ ဘဒ္ဒန္တဇာနေယျတို့အား ဂုဏ်ပြုပူဇော်သည့် ထေရုပ္ပတ္တိရှစ်လုံးဘွဲ့ကဗျာကို အောင်ဇေယျဝတ်အဖွဲ့နှင့် နိကာယ်ရောင်တော်ဖွင့် ဝတ်အဖွဲ့တို့က ရွတ်ဆိုပူဇော်ကြသည်။

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော ဧည့်ပရိသတ်များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော ဧည့်သည်တော်များသည် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

တပ်မတော်နေ့အခမ်းအနားတွင်ပါဝင်စစ်ရေးပြမည့် စစ်ကြောင်းကြီးများတပ်ပါစစ်ရေးပြဆက်လက်လေ့ကျင့်

ရန်ကုန် မတ် ၈

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၅ နာရီခွဲမှ ၈နာရီအထိ ရန်ကုန်မြို့ တော်လှန်ရေးပန်းခြံ၌ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ဆက်လက်လေ့ကျင့်ကြသည်။

ယင်းသို့ စစ်ရေးပြလေ့ကျင့်မှုများဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းတန် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းဝင်း ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်သော် ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး တင့်ဝေ ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဦးကျော် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမြင့်ကိုကို ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ကံညွန့် ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့်စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမောင်မောင်သန်း ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများက တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ပြုလုပ်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုများကို (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့် တပ်မတော် အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးစစ်တုရင်ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၈

ပြည်ထဲရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ် ပထမအကြိမ်အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်၁၁နာရီခွဲတွင် ဗဟန်းမြို့နယ် ဆရာစံလမ်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍အမှာစကားပြောကြားသည်။

အဆိုပါ စစ်တုရင်ပြိုင်ပွဲတွင် အသင်းလိုက်ပုံမှန်ပြိုင်ပွဲ ပထမဆုကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းကလည်းကောင်း၊ ဒုတိယဆုကို အကျဉ်းဦးစီးဌာနကလည်းကောင်း၊ တတိယဆုကို အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနကလည်းကောင်းရရှိကြပြီး အမြန်ပြိုင်ပွဲ ပထမဆုကို အကျဉ်းဦးစီးဌာနကလည်းကောင်း၊ ဒုတိယဆုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်းကောင်း၊တတိယဆုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်းကောင်းရရှိကြသည်။ တံခွန်စိုက်ဒိုင်းဆုကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းကရရှိပြီး ဆုကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပဲခူး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းအတွင်း လုပ်ငန်းဆိုင်ရာများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ မတ် ၅ ရက်တွင် ဖြူးမြို့နယ် ညောင်ပင်သာရှိ အမှတ်(၁၀၄) သစ်စက်သို့ရောက်ရှိ၍ ညှော်ခန်းမဒ္ဒ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးသည် စက်ရုံအတွင်း စက်လည်ပတ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့မှတစ်ဆင့် ဝန်ကြီးသည် တောင်ငူမြို့နယ် မြေစေးသစ်ဆိပ်သို့ရောက်ရှိရာ တာဝန်ခံအရာရှိက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးနှင့်အဖွဲ့သည် သစ်ဆိပ်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မတ် ၆ရက်တွင် ရေတာရှည်မြို့နယ် နန်ချွန်ရှိ မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၁)သို့ ရောက်ရှိရာ သင်တန်းကျောင်းခန်းမဒ္ဒ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းများ ဖွင့်လှစ်ပို့ချမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သင်တန်းသားများ အရည်အချင်းမြင့်မားရေးနှင့် စပ်လျဉ်း၍ မှာကြားကာ ကျောင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

အထပ်သားစက်ရုံ

ဝန်ကြီးသည် မတ် ၇ ရက်တွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်မောင်အုန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မုံရွာမြို့ရှိအမှတ် (၅) အထပ်သားစက်ရုံသို့ ရောက်ရှိရာ ညှော်ခန်းမဒ္ဒ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ကုန်ထုတ်လုပ်မှု တိုးတက်ရေး နည်းလမ်းရှာဖွေဆောင်ရွက်ကြရန် မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည်အမှတ်(၁) သစ်ပါးလွှာစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး အမှတ်(၇၅) သစ်စက်သို့ သွားရောက်၍ စက်ရုံမှူး၏ ကုန်ထုတ်လုပ်မှုအခြေအနေများ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

သစ်ဆိပ်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့ရှိ မင်းဒေါင့်သစ်ဆိပ်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်ဒ္ဒသစ်ဆိပ်တာဝန်ခံက လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် သစ်ရောက်ရှိမှုအခြေအနေများကို သစ်ဆိပ်အတွင်း ကြည့်ရှုစစ်ဆေးသည်။ ထို့မှတစ်ဆင့် ဝန်ကြီးသည် စစ်ကိုင်းမြို့နယ် ကောင်းမှုတော် အမြဲတမ်းသစ်တောပျိုးဥယျာဉ်သို့ ရောက်ရှိရာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရာသီအမီ ပျိုးပင်များပျိုးထောင်ထားရှိရေး၊ စဉ်ဆက်မပြတ် ပျိုးထောင်ရေးအတွက် သစ်စေ့များ အချိန်မီစုဆောင်းရေး၊ လူထုဖြန့်ဝေရေးတို့နှင့်ပတ်သက်၍ မှာကြားကာ ပျိုးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ တံခွန်သစ်အခြေခံစက်မှုလက်မှု ကုမ္ပဏီလီမိတက်စက်ရုံနှင့် စစ်ကိုင်းသစ်ဆိပ်တို့ကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင်္ကြန်တွင်း အထူးတရားပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြို့သစ် ခ/၁၀ လမ်းရှိ မဟာစည်သြဝါဒ ရွှေရင်အေးသာသနာ့ရိပ်သာတွင် (၁၃၆၅ ခုနှစ် တန်ခူးလပြည့်ကျော် ၄ ရက်) ဧပြီ ၈ ရက်မှစ၍ (တန်ခူးလပြည့်ကျော် ၁၃ ရက်) ဧပြီ ၁၇ ရက်အထိ မဟာစည် ၁၀ ရက် တရားစခန်းပွဲကို ရွှေရင်အေးသာသနာ့ရိပ်သာ ပဓာန နာယက ဘဒ္ဒန္တပညာနန္ဒ မဟာစည် နည်းလှည့် ဓမ္မကထိက ဆရာတော် ကိုယ်တိုင် တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် မတ် ၈ ရက်မှစ၍ ရွှေရင်အေးမဟာစည် ရိပ်သာတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

✻ နိုင်ငံတော်မှ

တစ်ချိန်ကပင်လုံသည် လူဦးရေ ၁၀၀၀ခန့်ရှိသော ရွာကြီးတစ်ရွာမျှသာဖြစ်သည်။ နောက်ပိုင်းတွင်မှ သီးခြားမြို့ကလေးတစ်မြို့ ဖြစ်လာရသည်။ အမှန်တော့ ပင်လုံသည် ယနေ့အထိပင် ထင်ရှားသည့် သမိုင်းဝင်မြို့တစ်မြို့ပင်ဖြစ်သည်။ ပြည်ထောင်စုသမိုင်းတွင်ကား ကြီးကျယ်ထင်ရှားသော မြို့တစ်မြို့ဖြစ်နေချေသည်။ ထိုအချက်ကို ပင်လုံမြို့၏ အနောက်တောင်ဘက်ဒ္ဒ မားမားမတ်မတ်တည်ရှိနေသော ပင်လုံကျောက်တိုင်က သက်သေပြုလျက်ရှိသည်။ မိမိတို့အဖို့တော့ ပင်လုံမြေပေါ် ခြေချမိ၍ ပင်လုံ ကျောက်တိုင်၏ အရိပ်ကိုခိုလှုံမိသည့်အခါ ရှေးဖြစ်ဟောင်းကို အောက်မေ့ သတိရမိကြသည်။

ပြည်တွင်းပြည်ပ ဆက်သွယ်ပြောဆိုမှု လွယ်ကူနေသည့် လှိုင်လင် ခရိုင် ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း အဆောက်အအုံ (လှိုင်လင်)။

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ကိုယ့်ထီးကိုယ့်နန်းနှင့် ထည်ထည်ဝါဝါ ခံ့ခံ့ညားညား နေခဲ့ရသော နိုင်ငံတော်ကြီး သူ့ကျွန်ဘဝကျရောက်ခဲ့ရသည့်အဖြစ်၊ သူ့ကျွန်အဖြစ်နှံ့နစ်မခံလိုသော တိုင်းရင်းသား ပြည်သူများ နယ်ချဲ့တို့အား နှစ်ကာလကြာမြင့်စွာ တွန်းလှန် တိုက်ခိုက်ခဲ့ကြသည့် အကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး တစ်သွေးတည်း တစ်သားတည်း၊ တစုတည်း တစ်လုံးတည်းဖြစ်သွားမည်ကို စိုးရိမ်သော နယ်ချဲ့တို့က တောင်ပေါ်မြေပြန့် တိုင်းရင်းသားများ တစ်စိတ်တစ်ဝမ်းတည်း မဖြစ်စေရန် နည်းပရိယာယ်အမျိုးမျိုးဖြင့် သွေးခွဲခဲ့ကြပုံ၊ နယ်ချဲ့တို့၏သွေးခွဲမှုကိုသိမြင်သည့် တောင်တန်း၊ ပြည်မ ကိုယ်စားလှယ်များက ပင်လုံမြေတွင် စုစည်း၍ တောင်တန်းပြည်မ ပူးပေါင်းရေး ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခဲ့ကာ စည်းလုံးညီညွတ်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာခဲ့သည်များကို ပြန်လည်မြင်ယောင်မိပါတော့သည်။

တကယ်တော့ ပင်လုံမြေသည် ပြည်ထောင်စုကြီး သန္ဓေတည်ရာ၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု အခြေခံအုတ်မြစ်ချရာ ဘူမိနက်သန်အောင်မြေမှန်ပင် ဖြစ်ပါတော့သည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပင်လုံမြေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လမ်းညွှန်မိန့်ကြားခဲ့သည်။

ယခုတော့ ပင်လုံဒေသသာမက လှိုင်လင်ခရိုင်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။ မိမိတို့ သတင်းဆောင်းပါးရေးသားရေးအဖွဲ့သည် ပင်လုံမြေကို ရောက်ရှိစဉ်အတွင်း ပင်လုံဒေသ ဖွံ့ဖြိုးတိုးတက်မှုများကို ကိုယ်တိုင်ကိုယ်ကျ တစ်ခုချင်းလေ့လာခဲ့ကြသည်။ ဒေသခံ တိုင်းရင်းသားများနှင့်လည်း တွေ့ဆုံခဲ့ကြသည်။

"ဆေးရုံကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်က နိုင်ငံတော်က ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဆေးရုံမှာ အထွေထွေရောဂါကုဆရာဝန် ၂၄ ဦး၊ အထူးကုဆရာဝန် ၁၂ ဦး စုစုပေါင်း ၃၆ ဦး ရှိပါတယ်။ ဆရာဝန် လုံလုံလောက်လောက်ရှိလို့ ဆေးရုံကို တက်ရောက်ကုသတဲ့ ဒေသခံတိုင်းရင်းသားတွေ စိတ်ချမ်းမြေ့နေပါပြီ။ လှိုင်လင်၊ ပင်လုံမှာရှိတဲ့ ဒေသခံ တိုင်းရင်းသားတွေသာမက ပတ်ဝန်းကျင်ကျေးရွာတွေက တိုင်းရင်းသားတွေပါမကျန် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ပါပြီ"

လှိုင်လင် ခုတင်(၂၀၀)ဆံ့ဆေးရုံကို ဝင်ရောက်လေ့လာစဉ် ဆေးရုံမှ တာဝန်ကျဆရာဝန်က ရှင်းပြခြင်းဖြစ်သည်။ ဆေးရုံသည် မြို့ပြကအထူးကုဆေးရုံများနှင့်မခြား သန့်ရှင်းသစ်လွင် တောက်ပြောင်နေသည်။ လူနာနှင့်ဆေးရုံက မျှတသည်။ ဆေးရုံဝင်းအတွင်း အပန်းဖြေအနားယူနေသော ဒေသခံတိုင်းရင်းသား လူနာအချို့ကို တွေ့မိသောအခါ သူတို့၏ မျက်နှာများက ချမ်းမြေ့ကြည်လင်လျက်။ နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သည့် စေတနာကို ဒေသခံများ လက်တွေ့ခံစားနေရပြီဟု တွေးမိရင်းဝမ်းသာပီတိဖြစ်မိသည်။ ထို့နောက် မိမိတို့သတင်းအဖွဲ့ လှိုင်လင်ဆေးရုံမှ ဆက်လက်ထွက်ခွာခဲ့ကြသည်။

လှိုင်လင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၃၇၂ ပေတွင်ရှိသည်။ တောင်ကြီးနှင့်စာလျှင် အအေးလျော့ပါးပြီး ရာသီဥတု သင့်တင့်မျှတသည်။ ရှမ်းကုန်းမြေမြင့်၏ အလယ်တောင်ပေါ်မြေပြန့်ဖြစ်သဖြင့် သွားလာရ လွယ်ကူသည်။ လှိုင်လင်၏ မြောက်ဘက်အတန်ငယ် ခရီးဆက်လိုက်သည်နှင့် ခံ့ညားထည်ဝါသော အဆောက်အအုံသစ် တစ်ခုကို တွေ့ရသည်။

လှိုင်လင်အစိုးရနည်းပညာကောလိပ်

ဤအရပ် ဤဒေသတွင် ယခုမှ ပေါ်ထွက်လာသော လူသားစွမ်းရည် အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ တစ်ခုဖြစ်သည်။ ကျောင်းဝင်းအတွင်းသို့ ဝင်လိုက်သည်နှင့် ကျောင်းအုပ်ကြီး ဦးမင်းမင်းဦးက လှိုက်လှဲဖော်ရွေစွာဖြင့် ကြိုဆိုသည်။ မိမိတို့ရောက်လာမည်ကို ကြိုတင် မသိခဲ့သော်လည်း သိလိုသည်များကို တိတိကျကျ ရှင်းလင်းပြောကြားပေးသည်။

"ကျွန်တော်တို့ကောလိပ်မှာ အင်ဂျင်နီယာသင်တန်းလေးခု သင်ကြားပေးလျက်ရှိပါတယ်။ လှိုင်လင်ခရိုင် ၁၁မြို့နယ် အပါအဝင် မြို့နယ်ပေါင်း ၂၀မြို့နယ်က ကျောင်းသားကျောင်းသူတွေ လာရောက်ပညာသင်ကြားလျက်ရှိပါတယ်။ ကျောင်းမှာပါမောက္ခမှ နည်းပြအထိ ဆရာဆရာမ ၉၇ဦးက သင်ကြားပို့ချပေးလျက်ရှိပါတယ်။ ကျောင်းသားနဲ့ ဆရာ လုံလောက်မှုတလို့ သင်ယူမှုအခွင့်အလမ်းတွေ ပိုမိုတိုးတက်ရရှိနေပါပြီ"

မှန်ပေသည်။ ဝေးလံသီခေါင်သော ဤအရပ်ဒေသတွင်းရှိ ကျောင်းသားကျောင်းသူများသည် ယခင်က တောင်ကြီး၊ မန္တလေး၊ ရန်ကုန်မြို့များသို့ သွားရောက်၍ ငွေကုန်ကြေးကျ များစွာဖြင့် ခက်ခဲစွာ သွားရောက်ပညာသင်ကြားခဲ့ရသည်။ ယခုမူ ကိုယ့်အရပ် ကိုယ့်ဒေသတွင်ပင် အဆင့်မြင့်နည်းပညာများကို သင်ကြားနိုင်ပြီဖြစ်သည်။ ကျောင်း၏ တည်နေရာမှာ လှိုင်လင်မြို့နယ် ခွဲဟဲနန်းကျေးရွာအုပ်စု နန်းကျင်ပူတွင် ရှိသည်။ ပင်လုံ-လဲချားလမ်းမကြီးပေါ်တွင်ရှိ၍ သွားလာရ လွယ်ကူသည်။

မိမိတို့အဖွဲ့ လှိုင်လင်မှ ဆက်လက်ထွက်ခွာခဲ့ရာ ပင်လုံကို ရောက်သည်။ ပင်လုံကိုရောက်လျှင် ရောက်ချင်း ပင်လုံကျောက်တိုင်ကို ဂုဏ်ပြုမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ ပင်လုံကျောက်တိုင်အနီးရှိ ဘူမိနက်သန်အောင်မြေမှန်တွင် မဟာရဋ္ဌဘိသာမင်္ဂစေတီတော်ကြီးကို တည်ထားလျက်ရှိသည်ကိုတွေ့ရသည်။ ပြည်ထောင်စုကြီးသန္ဓေတည်ရာ ပင်လုံမြေတွင် သမိုင်းဝင်ပင်လုံကျောက်တိုင်၊ ကြည်ညိုဖွယ်စေတီတော်ကြီးနှင့် ခံ့ညားထည်ဝါသော ပင်လုံတက္ကသိုလ်ကြီးတို့က ပင်လုံမြေကို ပို၍ ဝင့်ထည်စေတော့သည်။

မိမိတို့ ပင်လုံတက္ကသိုလ်ကို မြင်တွေ့လို၍ ပင်လုံမြို့ပြင်သို့ ထွက်ခဲ့ကြသည်။ ပင်လုံမြို့ဟောင်း မြောက်ဘက် ရောက်သည်နှင့် ခံ့ညားထည်ဝါသော ပင်လုံတက္ကသိုလ်ကြီးကို တွေ့လိုက်ရသည်။ အဝင်လမ်း၊ ပန်းခြံ၊ မုခ်ဦးနှင့် တက္ကသိုလ်ကြီးများ၏ အင်္ဂါရပ်နှင့် ညီညွတ်လှသည်။ တက္ကသိုလ်ဆင်ဝင်အောက်ဝင်လိုက်သည်နှင့်အပြင်မှ ပြန်ရောက်လာသော ပါမောက္ခချုပ်ကို တွေ့လိုက်ရသည်။ မိမိတို့အဖွဲ့က ပါမောက္ခချုပ်ကို သိလိုသည်များ မမေးမြန်းမီကပင် တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရေပက်မဝင်အောင် ပြောတော့သည်။

"ပင်လုံတက္ကသိုလ်ကြီးကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်က ဖွင့်ခဲ့ပါတယ်။ ကျောင်းမှာ အဝေးသင်ဌာန၊ ကွန်ပျူတာစင်တာ၊ သင်ကြားရေးခန်းမ၊ မာလ်တီမီဒီယာခန်းတွေ အပြင် တိုင်းရင်းသား သုတေသနဆောင်၊ အခြားသုတေသနဆောင် အပြင် ဘူမိပြတိုက် ရှိပါတယ်။ ခေတ်မီအင်္ဂလိပ်စာသင်တန်းတွေလဲ ဖွင့်ထားပါတယ်။ သင်ကြားပို့ချပေးတဲ့ ဘာသာရပ်က ၁၄မျိုး ရှိပါတယ်။ စာသင်ခန်း ၃၆ခန်း၊ တိုးချဲ့ ၂၂ခန်းရှိပါတယ်။

လှိုင်လင်ခရိုင်အတွင်းရှိ လှိုင်လင်၊ ပင်လုံ၊ မိုးနဲ၊ လင်းခေး၊ မောက်မယ်၊ ကျေးသီးမံစံ၊ ကွန်ဟိန်း၊ မိုင်းကိုင်၊ နမ့်စန်တောင်၊ လဲချား၊ မိုင်းပန်၊ မိုင်းရှူးဒေသတွေက ကျောင်းသူကျောင်းသားတွေ လာရောက်ပညာသင်ကြားကြပါတယ်။ ပြည်နယ်၊ မြို့နယ် အစီအစဉ်နဲ့ မော်တော်ယာဉ်နှစ်လိုင်း ပြေးဆွဲပေးထားပါတယ်။ ကျောင်းမှာ ကွန်ပျူတာအလုံးပေါင်း ၉၀ရှိပါတယ်။ ကျောင်းမှာစာတမ်းဖတ်ပွဲတွေလုပ်ပါတယ်။ ဘူမိဗေဒပြတိုက်ကြီးကို ဖွင့်လှစ်ထားပြီး ဒေသဝန်းကျင်က ကျောက်နမူနာတွေ ပြသထားပါတယ်"ဟု အားပါးတရ ရှင်းပြသည်။

မိမိတို့အဖွဲ့ကို ပါမောက္ခချုပ်မှ ရှင်းပြသည်ကို အားမရသေး၊ ကျောင်းပရိဝုဏ်အတွင်း စုံစေ့အောင် လိုက်လံကြည့်ရှုလေ့လာကြသည်။ တက္ကသိုလ်ကြီးမှာ ထင်ထားသည်ထက် ပိုမိုပြည့်စုံလှသည်။ ဒေသခံလူငယ်များ အတွက် ပညာရေးအခွင့်အလမ်းများ ပင်။ ပြည်ထောင်စု၏ ဘူမိနက်သန်အောင်မြေ ပင်လုံဒေသတွင် နိုင်ငံတော် အစိုးရ၏ မွန်မြတ်သော စေတနာအသီးအပွင့်များ ဝေဆာနေပေပြီ။ တစ်နည်းဆိုရသော် စည်းလုံးညီညွတ်ခြင်းမှသည် ဖွံ့ဖြိုးတိုးတက်ခြင်းဆီသို့ ရောက်ရှိနေပြီဖြစ်သော နိုင်ငံတော်အစိုးရ၏ စေတနာပန်းများဆိုလျှင် မှားအံ့မထင်ပါချေ။ ။ **(မြန်မာ့အလင်း)**

အဆင့်မြင့်နည်းပညာများ သင်ကြားပေးလျက်ရှိသည့် ရှမ်းပြည်နယ် လှိုင်လင်ခရိုင် အစိုးရနည်းပညာကောလိပ် (ပင်လုံ)။

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

အလိုတော်ပြည့်ဆရာတော်ကြီးအား ချီးကျူးပူဇော်ပွဲ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများတက်ရောက်ကြည်ညို

ရန်ကုန် မတ် ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ခံယူတော်မူသော အလိုတော်ပြည့်ဆရာတော်ကြီးနှင့် သာသနဓဇ ဓမ္မာစရိယနှင့် သာမဏေကျော်ဘွဲ့ရ သာသနာ့အာဇာနည်သံဃာတော်များ၊ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် အသီးသီးရရှိကြသော လူပုဂ္ဂိုလ်များအား အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက် ဥပဋ္ဌာကအဖွဲ့နှင့် ဂေါပကအဖွဲ့တို့က ချီးကျူးပူဇော်ဂုဏ်ပြုသည့် ဂုဏဝိသိဋ္ဌ ပူဇာအခမ်းအနားကို ယနေ့နံနက်၈ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စစ်တောင်းလမ်းရှိ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် သုံးထပ်ကျောင်းတော်ကြီး၌ကျင်းပသည်။

ဂုဏဝိသိဋ္ဌပူဇာ အခမ်းအနားသို့ အလိုတော်ပြည့်ကျောင်းတိုက်များ၏ ပဓာနနာယက အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် အဓိပတိ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တအရိယဝံသ၊ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် နာယကချုပ် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဂုဏ်ပြုခံ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရပုဂ္ဂိုလ်များ၊ ဥပဋ္ဌာကအဖွဲ့၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ရခိုင်မောင်မယ်အသင်းနှင့် ဘာသာရေးအသင်းအဖွဲ့များမှ သာသနာ့အလံ၊ မင်္ဂလာခရုသင်း၊ ကြေးစည်၊ ထိုးစည်၊ ရွှေမောင်း၊ ငွေမောင်း၊ ရက္ခိုင်စည်တော်အဖွဲ့များဖြင့် အလိုတော်ပြည့်ဆရာတော်ကြီးအား ပူဇာသနပလ္လင်ထက်သို့ ပင့်ဆောင်ကြပြီး သာသနာ့အာဇာနည် သံဃာတော်များ၊သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရပုဂ္ဂိုလ်များက နောက်မှလိုက်ပါကာသတ်မှတ်နေရာများ၌ နေရာယူကြသည်။

ဩဝါဒကထာ

အခမ်းအနားတွင် အလိုတော်ပြည့်ဆရာတော်ကြီးက ငါးပါးသီလချီးမြှင့်တော်မူပြီး ပုသိမ်မြို့ ပစ္ဆိမာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဇာဂရိယက ဩဝါဒကထာ မိန့်မြွက်တော်မူသည်။

ဆက်လက်၍ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်ဆရာတော်က အလိုတော်ပြည့်ဆရာတော်ကြီးအား ဂုဏပူဇာထောမနာဂါထာဖြင့် ရွတ်ဖတ်ပူဇော်ပြီး နိုင်ငံကျော်အဆိုတော် ရီရီသန့်က ထုတိဩဘာမင်္ဂလာပိုဒ်စုံရတုဖြင့် သီဆိုပူဇော်သည်။

ဂုဏ်ပြုလွှာဆက်ကပ်

ထို့နောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ကအလိုတော်ပြည့်ဆရာတော်ကြီးအား ချီးကျူးဂုဏ်ပြုလွှာဆက်ကပ်သည်။

ယင်းနောက် ရွှေတံဆိပ်အလှူရှင် ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်နှင့်ဇနီး ဒေါ်ခိုင်ခိုင်ဦးတို့က အလိုတော်ပြည့်ဆရာတော်ကြီးအား ရွှေတံဆိပ်ကိုဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ၂၀၀၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲတွင် သာသနဓဇ ဓမ္မာစရိယ၊ ၂၀၀၄ ခုနှစ် အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ် ဓမ္မာစရိယစာမေးပွဲတွင် ပရိယတ္တိ ဓမ္မာနုဂ္ဂဟ ဓမ္မာစရိယဘွဲ့တို့ကို ရရှိကြသည့် သာသနာ့အာဇာနည် ရဟန်းတော်နှင့် ရှင်သာမဏေ ၁၂ ပါး၊ သာမဏေကျော် (တတိယဆင့်)ပါဠိထူးချွန် (တတိယ) နှင့် ၂၀၀၄ ခုနှစ် မင်္ဂလာဗျူဟာချီးကျူးဂုဏ်ပြုဆုတံဆိပ်ရရှင်သာမဏေတစ်ပါးတို့ကိုပရိယတ္တိဓမ္မာနုဂ္ဂဟဘွဲ့လက်မှတ်ပုံများ ဆက်ကပ်လှူဒါန်းသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် ဝန်ကြီးများ၊ ဥပဋ္ဌာကအဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တရဋ္ဌသာရက အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူကာ ပရိသတ်များက ရေစက်သွန်းချအမျှဝေကြသည်။

အခမ်းအနားအပြီးတွင် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အလိုတော်ပြည့်ကျောင်းတိုက်များ၏ ပဓာနနာယက အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် အဓိပတိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစက ပဏ္ဍိတ အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တအရိယဝံသအား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ချီးကျူးဂုဏ်ပြုလွှာ ဆက်ကပ်စဉ်။(သတင်းစဉ်)

မူလတကောင်းမြို့ဟောင်းသည်ဧရာဝတီမြစ်၏အနောက်ဘက်တွင်တည်ရှိခဲ့ကြောင်း မြစ်ကြောင်းဟောင်းကသက်သေခံ တကောင်းဒေသတွင် ဧရာဝတီမြစ်ကြောင်းပြောင်းလဲမှုဖြစ်ပေါ်ခဲ့ကြောင်းဖော်ထုတ်တွေ့ရှိ

ရန်ကုန် မတ် ၈

တကောင်းရာဇဝင်နှင့် မိုးမိတ်ရာဇဝင်စသော မြန်မာ့ရှေးဟောင်းသမိုင်းကျမ်းတို့တွင် ရှေးဟောင်းတကောင်းမြို့သည် ခရစ်နှစ်မတိုင်မီ နှစ်ပေါင်းများစွာကပင် စည်ပင်ထွန်းကားခဲ့ကြောင်း၊ ထိုအချိန်က တကောင်းမြို့ဟောင်းသည် ဧရာဝတီမြစ်၏အနောက်ဘက်တွင် တည်ရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။ သို့ရာတွင် ယနေ့ တကောင်းမြို့ဟောင်းသည် ဧရာဝတီမြစ်၏အရှေ့ဘက်တွင် တည်ရှိနေသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် တကောင်းမြို့ဟောင်းဆိုင်ရာ သမိုင်းအချက်အလက်မှန်များကို လေ့လာဖော်ထုတ်နိုင်ရန် ဘူမိဗေဒပညာရှင်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျွမ်းကျင်သူပညာရှင်များ၊ မြေလျှင်ဆိုင်ရာကျွမ်းကျင်သူပညာရှင်၊ ဇလဗေဒပညာရှင်၊ သမိုင်းပညာရှင်၊ ရှေးဟောင်းသုတေသနပညာရှင်တို့ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းလေ့လာဖော်ထုတ်အတည်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ယင်းအဖွဲ့ကို ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်က ခေါင်းဆောင်ပြီး ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခ ဌာနမှူးဒေါက်တာတင်သိန်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာသူရဦး၊ သမိုင်းဌာန တွဲဖက်ပါမောက္ခ ဦးကိုကို၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပညာရှင် ဦးဇော်အောင်နှင့် ဦးစိန်ထွန်း၊ မြေတိုင်းဦးစီးဌာန ကောင်းကင်ဓာတ်ပုံပညာရှင် ကျော်ဆွေ၊ ပြင်ပသုတေသီ ဦးချစ်စံ(စာရေးဆရာချစ်စံဝင်း)၊ မြန်မာမှုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်တို့က အဖွဲ့ဝင်များအဖြစ် ပါဝင်၍ အတွင်းရေးမှူးအဖြစ် ရှေးဟောင်းသုတေသနဦးစီးဌာန မန္တလေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်က ဆောင်ရွက်သည်။

အနီးကပ်ကြီးကြပ်

ကွင်းဆင်းသုတေသနအဖွဲ့သည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ တကောင်းမြို့ဟောင်း၏ ပတ်ဝန်းကျင်ဒေသ၊ အင်းနက်ဒေသ၊ မြတောင်ဒေသ၊ တုံငယ်ဒေသ၊ ကြံညှပ်ဒေသ၊ မလည်ဒေသများသို့ ကွင်းဆင်းသုတေသနပြု လေ့လာခဲ့ကြသည်။ ကွင်းဆင်းသုတေသနအဖွဲ့နှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်လည်း လိုက်ပါ၍ အနီးကပ်ကြီးကြပ်ခဲ့သည်။

လေ့လာတွေ့ရှိ

ကွင်းဆင်းသုတေသနပြုချက်အရ ဧရာဝတီမြစ်ကြောင်းဟောင်းသည် မူလက တကောင်း၏ မြောက်ဘက် ၁၅ မိုင်ခန့်အကွာ အင်းနက်တောင် မြေပုံညွှန်း (ခန့်မှန်း အမ်-၈၁၅၂၄၄) ၏ တောင်ခြေမှစတင်၍ တောင်ဘက်သို့ တကောင်းတောင်ခြေအတိုင်း စီးဆင်းခဲ့ရာ သောင်းဖွက်တောင် မြေပုံညွှန်း (ခန့်မှန်း အမ်-၈၃၅၉၇၂)၏အနောက်ဘက် တောင်ခြေအတိုင်း တောင်ဘက်သို့ ဆက်လက်စီးဆင်းပြီး မကျီးကုန်းရွာ မြေပုံညွှန်း(ခန့်မှန်း အမ်-၇၂၁၀၄၉) နှင့် မင်းကုန်းရွာ (ခန့်မှန်း အမ်- ၇၁၀၈၉၃) အကြားတွင် လက်ရှိမြစ်ကြောင်းအတိုင်း တောင်ဘက်သို့ ဆက်လက် စီးဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

နိုင်လုံစွာတွေ့ရှိ

ကွင်းဆင်းသုတေသနအဖွဲ့သည် အင်းနက်ကျေးရွာ ရွာဦးကျောင်းဆရာတော်အား ဝင်ရောက်ဖူးမြော်ရာ ဆရာတော် ဦးနန္ဒာသီရိက လွန်ခဲ့သော ကိုးနှစ်ခန့်က ဘုန်းကြီးကျောင်းဝင်းအတွင်း ရေတွင်းတူးရာတွင် အနက်ပေ ၃၀ ခန့်မှ အင်ဖက်သစ်ရွက်ခြောက်များ၊ သစ်တုံးဆွေးများ၊ ယင်းမြေလွှာ၏အောက်သို့ဆက်လက်တူးရာ ရေချိုခရုခွံများ တွေ့ရှိရကြောင်း မိန့်ကြားသည်။ အင်းနက်တောင်အနီး မြစ်ကြောင်းဟောင်းမှ သဲများကို လေ့လာရာတွင် အဖြူရောင်မြစ်သဲများဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ယနေ့ အင်းနက်ချောင်းမှ သဲများကို လေ့လာရာတွင် ခရိုမီယမ်သတ္တုများ၊ သံဓာတ်များရောနှော ပါဝင်နေသည့်အတွက် ချောင်းသဲများမှာ အမည်းရောင်ရှိကြောင်း စိစစ်တွေ့ရှိရသည်။ ထို့အပြင် အင်းနက်ရွာမှ မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ ရေရှင်ချောင်းတွင်လည်း ဧရာဝတီမြစ်ကြောင်းဟောင်း၏ မြစ်ကျောက်တုံးများတွေ့ရှိရသည်။ ယင်းတွေ့ရှိချက်များအရ ဧရာဝတီမြစ်ကြောင်းဟောင်းသည် မူလက အင်းနက်တောင်ခြေမှ တောင်ဘက်သို့ ဖြတ်သန်းစီးဆင်းကြောင်း ခိုင်လုံစွာ လေ့လာတွေ့ရှိရသည်။

ကွင်းဆင်းသုတေသနပြုရာတွင် လက်ရှိတကောင်းမြို့၏ အရှေ့ဘက်တွင် မြစ်ကျိုးအင်းများအတန်းလိုက် ဖြစ်ပေါ်တည်ရှိနေသည်ကို တွေ့ရခြင်း၊ သဘာဝနန်းတာဟု ယူဆရသော ကုန်းတန်းငယ်များကို မြစ်ကြောင်းဟောင်းဘေးတွင် တွေ့ရှိရခြင်း၊ အရှေ့ဘက်သို့ နိမ့်ဆင်းသွားသော မြစ်ပြုကမ်းဆင့်နှစ်ဆင့်ကို မြစ်ကြောင်းဟောင်း၌ တွေ့ရှိရခြင်းတို့ပေါ်မူတည်၍ လက်ရှိတကောင်းမြို့၏ အရှေ့ဘက်တွင် ရှေးကစီးဆင်းခဲ့သော ဧရာဝတီမြစ်ကြောင်းဟောင်းရှိခဲ့ကြောင်း အတည်ပြုပါသည်။ မြစ်ကြောင်းပြောင်းခဲ့သည့်အချိန်ကာလကိုလည်း လွန်ခဲ့သော နှစ် ၄၀၀၀ မှ ၆၀၀၀ အကြားဖြစ်မည်ဟု ဘူမိဗေဒပညာရှင်တို့က ခန့်မှန်းကြသည်။

ပြန်လည်ချေဖျက်နိုင်

ထို့ကြောင့် မြန်မာ့ရှေးဟောင်းမြို့ဖြစ်ခဲ့သော မူလတကောင်းသည် ဧရာဝတီမြစ်ကြောင်း မပြောင်းလဲမီကပင် လူနေစည်ကား ထင်ရှားတည်ရှိလျက် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ကျော်ကာလကပင် ဧရာဝတီမြစ်အနောက်ဘက် လက်ရှိတကောင်းမြို့တစ်ဝိုက်တွင် ရှိနေခဲ့ပြီဖြစ်ကြောင်း ဖော်ထုတ်အတည်ပြုနိုင်ပြီ ဖြစ်သည်။ အမှန်မှာ ပျူ-မြန်မာမျိုးနွယ်စု (မြန်မာတိုင်းရင်းသားမျိုးနွယ်စု) များသည် မြန်မာ့မြေပေါ်တွင်ပင် လက်မွန်အဦးပကတူး ပေါက်ဖွားအခြေချနေထိုင်ခဲ့ကြသူများဖြစ်ကြပြီး အနောက်ဘက်မှ အဘိရာဇာ၏ အင်အားစုများ ဝင်ရောက်မလာမီ သမိုင်းမတင်မီခေတ်ကာလကတည်းကပင် တကောင်း၊ ကြံညှပ်၊ မလည်ဒေသတို့၌ ဖြန့်ကြက်အခြေချကာ နေထိုင်ကြလျက် ယဉ်ကျေးမှုထွန်းကားစပြုနေပြီဖြစ်သည်။ ဤသို့ ဧရာဝတီမြစ်ကြောင်း ပြောင်းလဲမှုကို ဖော်ထုတ်အတည်ပြုနိုင်ခဲ့ခြင်းဖြင့် မြန်မာ့မြို့ဟောင်း မူလတကောင်း၏ ရှေးကျမှု၊ မြန်မာ့ရှေးဟောင်း မြို့ပြယဉ်ကျေးမှု၏ အဆင့်အတန်းမြင့်မားမှုကို မြန်မာတို့ ဂုဏ်ယူဝင့်ကြွားနိုင်ကြပြီ ဖြစ်သည်။ ထို့ပြင် မြန်မာ့ရှေးဟောင်း သမိုင်းကျမ်းများ၏ ဖော်ပြရေးသားချက်များကို ဒဏ္ဍာရီသဖွယ်၊ ယုံတမ်းစကားသဖွယ် နှိမ့်ချပြက်ရယ်ပြုခဲ့ကြသည်များကိုလည်း အထောက်အထားဖြင့် ပြန်လည်ချေဖျက်နိုင်မည် ဖြစ်ပေသည်။ **(သတင်းစဉ်)**



ရှေးအခါက ဧရာဝတီမြစ်ကြောင်းဟောင်းသည် တကောင်းမြို့၏အရှေ့ဘက်မှစီးဆင်းသွားပုံ

ဖြူးဆရာတော်ဓမ္မသဘင်

ရန်ကုန် မတ် ၈

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (သာသနဓဇ ဓမ္မာစရိယ၊ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ) အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၂၆ ရက်အထိ မန္တလေးမြို့ မြတောင်တိုက်၌ လည်းကောင်း၊ မတ္တရာ၊ မုံရွာ၊ ရွှေဘို၊ ရေဦး၊ ကချင်ပြည်နယ် လုံးခင်း ၁၀ရက်တရားစခန်း၊ ဖားကန့်၊ ဆိပ်မူ၊ ကာမိုင်း၊ ဆားမှော်၊ မလှိုင်၊ မွန်ပြည်နယ် သိမ်ဇရပ်၊ သုံးခွ၊ ရန်ကုန် ရွှေပြည်သာ၊ လှိုင်မြို့များ၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး ကျင်းပသော ရွှေပြည်သာမြို့နယ် အမျိုးသမီးရေး ရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ မြို့ဦးထန်းတပင်ဘုန်းတော်ကြီးကျောင်းတွင် ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲနှင့် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို မတ် ၇ ရက်က အဆိုပါဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်နှင့် အဖွဲ့ဝင်များမှ ဆရာတော် ဘဒ္ဒန္တဦးသုစိတ္တထံ အလှူငွေကျပ် ငါးသောင်း ပေးအပ်လှူဒါန်းစဉ်။ (၄၀၀)

သင်္ကြန်အခါတွင်း မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၈

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ပိဋကတစ်ပုံအောင် ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယကဆရာတော် အရှင်သောဘဏ (ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဧပြီ၁၀ရက်မှ ၁၉ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် မတ် ၂၅၊ ၂၆၊ ၂၇ရက်များတွင် ဖုန်း- ၅၇၁၂၅၈သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



ဘုရားဖြူကျောင်းတိုက်အတွင်း သုံးထပ်ကျောင်းတော်ကြီး တည်ဆောက်ရေးအတွက် ရန်ကုန်မြို့ ၅၄လမ်း ဗိုလ်တထောင်မြို့နယ်နေ ဦးမြ-ဒေါ်ခင်ကြည်၊ သား မောင်ဝင်းရှိန်၊ မောင်တုတ်ကြည်၊ သမီး မညွန့်ရီ၊ မညွန့်ကြည်၊ မညွန့်ဝင်း မိသားစုတို့က အလှူတော်ငွေကျပ်သိန်း ၂၀ကို ကျောင်းတိုက် ဆရာတော်ကြီးအား လှူဒါန်းစဉ်။ (က-ပ)

နိဗ္ဗာန်ရောက်ကြောင်း တရားတော်ချီးမြှင့်မည်

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက(ဓမ္မကထိကဗဟုဇနဟိတဓရ) ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် မတ် ၂၂ ရက်ညတွင် လှိုင်သာယာမြို့နယ် (၁/၁၀)ရပ်ကွက် တပင်ရွှေထီးလမ်း၊ ၂၃၊ ၂၄ရက် ညများတွင် ပန်းတနော်မြို့ မြတောင်စာသင်တိုက် စိန်တန်ဆောင်း၊ ၂၅ရက်ညတွင် တောင်ဒဂုံ (၁၈)ရပ်ကွက် (က)ဘလောက် စည်ပင်လမ်းထိပ်၊ ၂၆ရက်ညတွင် ရွှေပြည်သာမြို့နယ် (ထ/၁၆)ရပ်ကွက် လှော်ကားဘူတာအနီး၊ ၂၇၊ ၂၈နှင့် ၂၉ ရက် ညများတွင် လက်ပံတန်းမြို့နယ် မြေစေးကျေးရွာ၊ ၃၀၊ ၃၁နှင့် ဧပြီ ၁ ရက် ညများတွင် ပေါင်းတည်မြို့နယ် ရွာသာလှကျေးရွာ၊ ဧပြီ ၂ ရက် ညတွင် ကမာရွတ်မြို့နယ် (၅)ရပ်ကွက် ဆင်မလိုက် အုန်းတောဆရာစံလမ်းမကြီးတို့တွင် တရားတော်များ ဟောကြားတော်မူကြမည်ဟု သိရသည်။

(က-ပ)

ချောက်မြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် မတ် ၈

ချောက်မြို့နယ်အသင်း(ရန်ကုန်)က ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ရာ အမှတ်စာရင်း မိတ္တူကို မတ် ၁၇ ရက် နောက်ဆုံးထားပြီး အသင်းဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျော်ဇံ အိမ်ဖုန်း -၅၂၄၈၀၇၊ ရုံး-၇၀၉၆၂၉၊ ဒေါက်တာမောင်မောင်မြင့် အိမ်ဖုန်း-၂၄၀၅၄၄၊ ရုံး-၃၇၁၅၉၂နှင့် အတွင်းရေးမှူး ဦးငွေအောင် အိမ်ဖုန်း-၂၉၃၄၂၀၊ ရုံး-၂၀၁၇၈၁ လိုင်းခွဲ(၁၁၄) တို့ထံ ဆက်သွယ်ပေးပို့ကြရန်နှင့် မတ် ၂၈ရက် နံနက် ၁၀ နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ကြားတောရလမ်းရှိ တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပမည့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် (၁၈)ကြိမ်မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေးသို့ ချောက်မြို့နယ်သူ မြို့နယ်သား အားလုံး တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

တောင်ဥက္ကလာဂေါက်ကွင်း နှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် မတ် ၈

A.H.K Product Co., Lld.က အဓိကပံ့ပိုးကူညီမှုဖြင့် ၂၀၀၄ ခုနှစ် တောင်ဥက္ကလာဂေါက်ကွင်း၏ နှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲကို မတ် ၇ရက် ညနေပိုင်းက တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းရှိ ဥက္ကလာဂေါက်ကွင်း၌ ကျင်းပရာ A.H.K Product Co., Ltd.မှ ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မန်နေဂျင်းဒါရိုက်တာ ဒေါ်နန်းမွှေးကြိုင်၊ အထွေထွေမန်နေဂျာ ဦးတင်ဇံကျော်၊ ဥက္ကလာဂေါက်ကွင်းမှ ဦးညဏ်စိန်နှင့် တာဝန်ရှိသူများ၊ အသင်းဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ စာနယ်ဇင်းများမှ မီဒီယာများတက်ရောက်ကြသည်။

လက်ခံ

အခမ်းအနားတွင် A.H.K Product Co., Ltd.မှ ဥက္ကဋ္ဌ ဦးဝင်းအောင်ကိုယ်စား အထွေထွေမန်နေဂျာ ဦးတင်ဇံကျော်က မြက်ဖြတ်စက်တစ်လုံးပေးအပ်လှူဒါန်းရာ ဥက္ကလာဂေါက်ကွင်းမှ ဦးညဏ်စိန်က လက်ခံယူသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ပထမဆုမှ ဒသမဆု၊ အကြိုးစားဆုံးဆု၊ အဝေးဆုံးရိုက်ချက်၊ အနီးဆုံးရိုက်ချက်၊ Chipping I နှင့် II၊ Putting I နှင့် II၊ Skittle I နှင့် II ဆုများအပြင် Hold in One(တစ်နှစ်ပတ်အတွင်း)ရရှိထားသော ကစားသမား ၁၂ ဦးတို့အား ဆုတံဆိပ်များ၊ TV(21)"၊ DVD၊ CDအပါအဝင်ဆုများကို ဥက္ကလာဂေါက်ကွင်းမှ ဦးညဏ်စိန်နှင့် တာဝန်ရှိသူများ၊ A.H.K Product Co., Ltd.မှ ဥက္ကဋ္ဌကိုယ်စားအထွေထွေမန်နေဂျာ ဦးဝင်းအောင်နှင့် ဧည့်သည်တော်များက ပေးအပ်ချီးမြှင့်သည်။

ပံ့ပိုးကူညီ

အဆိုပါဆုများကို A.H.K Product Co., Ltd.မှ အဓိကပံ့ပိုးကူညီချီးမြှင့်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြို့တော်စည်ပင်ဗဟိုအားကစားကော်မတီစည်းဝေး

ရန်ကုန် မတ် ၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဗဟိုအားကစားကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် ဘင်းမ်စတက် အသက် (၁၈)နှစ်နှင့်အောက် ပထမအကြိမ် တောင်အာရှခြောက်နိုင်ငံ ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် မြန်မာအသင်းတွင် ပါဝင်ခဲ့သည့် မြို့တော်စည်ပင်ဘောလုံးသမားသုံးဦးနှင့် မြန်မာအသင်းလက်ထောက်နည်းပြဆရာတို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နေ့လယ်က အစည်းအဝေးခန်းမ(၄)၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ ဆုများချီးမြှင့်ပြီးဂုဏ်ပြုအမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ ဗဟိုအားကစားကော်မတီ နာယက တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်း၊ဗဟိုအားကစားကော်မတီ ဥက္ကဋ္ဌနှင့် အားကစားဆပ်ကော်မတီများမှဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ ဆုရဘောလုံးအားကစားသမား ထွန်းထွန်းလင်း(ဂိုး)၊ အောင်ဇော်မျိုး(နောက်တန်း)၊ အသင်းခေါင်းဆောင် ဇော်ဇော်(ရှေ့တန်း)နှင့် လူငယ်အသင်း လက်ထောက်နည်းပြ ဦးကြည်လွင်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့တော်ဝန်က ဘောလုံးသမား သုံးဦးနှင့် နည်းပြဆရာတို့အား တစ်ဦးလျှင် ဂုဏ်ပြုငွေကျပ်တစ်သိန်းစီ ချီးမြှင့်ပေးအပ်သည်။**(၂၁၀)**

Ph:240860
Ph:704422, 547155

Y.E.S.
MAF 15
Basic Spoken English MAR - 1,6,15,20,22,29
Pre-IntermeDiate English MAR - 15,20,22,29
Academic Writing Course MAR - 27
Vocabulary Enrichment Course MAR - 15
TOEFL, IELTS, SAT(I), SAT(II), GFC, I.E
No.119, Y.W.C.A Building, Bogalayzay Street, Botataung TSP,
- 245821

Home Distribution Group
Ready Made Floor
Decorative Wall Covering
(Wall paper)
(Office & Show Room)
F 2-6 Fax:

ယခုအပတ် မြန်မာဗီဒီယို ၁၂ ကား ဖြန့်ချိ ရာဇာနေဝင်း၊ ဝေဠုကျော်နှင့် ရွှေရူဝံတို့ပါဝင်

မောင်ဆွေထွန်း

ရန်ကုန် မတ် ၈

ယခုတနင်္လာပတ်တွင်း မတ် ၈ ရက်မှ ၁၄ရက်အထိ မြန်မာဗီဒီယို ဇာတ်ကား ၁၂ကား ပြသနိုင်ရန် ဖြန့်ချိရန် စီစဉ်ထားသည်။

မျိုးဇော်ဦး ဗီဒီယိုမှ ဒါရိုက်တာ စိုးဟိန်း(မန်းတက္ကသိုလ်)ရိုက်ကူး၍ ဝမ်ချိုင်း၊ စောသဲအောင်၊ စောငမန်း၊ ကျော်စွာတို့ ပါဝင်သော **'ဘက်တူရင် လူမရွေးဘူး'** ဇာတ်ကား၊ ကြောင်ကမ္ဘာ ဗီဒီယိုမှ ဇမ္ဗူထွန်းသက်လွင်ရိုက်ကူး၍ နေမျိုးအောင်၊ ခိုင်နှင်းဝေ ပါဝင်သော **'ပိတောက်ပွင့်ရဲ့ အလွမ်းသကြန်'**၊ ရွှေစင်ဦး ဗီဒီယိုမှ မောင်တင်ဦး ရိုက်ကူး၍ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို ပါဝင်သော **'ပိတောက်ပင်လယ်'**၊ မဏိရွှေစင် ဗီဒီယိုမှ ကျော်ဇရိုက်ကူး၍ ဝေဠုကျော်၊ပုလဲဝင်းတို့ ပါဝင်သော **'သင်္ကြန်ရင်ခုန်သံ'**၊ မိုးမြေနေလ ဗီဒီယိုမှ အောင်ဆွေဆက် ရိုက်ကူး၍ ရဲမင်းပိုင်နှင့် အာကာမိုးမြင့် ပါဝင်သော **'ရန်ကြွင်းရန်စ'**၊ လပ်ကီးဆဲဗင်း ဗီဒီယိုမှ ဒေါနရိုက်ကူး၍ မော့စ်၊ ရွှေရူဝံ၊ခင်စိုးပိုင်၊ ပေါ်လေးတို့ ပါဝင်သော**'ငကြွားနဲ့ငထွား'**၊ ဆွေဗီဒီယိုမှ အောင်မင်းသိမ်း ရိုက်ကူး၍ ဇာဂနာ၊ ကင်းကောင်၊ ရတနာခင်တို့ ပါဝင်သော **'တို့ရွာသင်္ကြန်'**။ စိန်ငွေဗီဒီယိုမှ မဟာရိုက်ကူး၍ ခင်လှိုင်၊ ချစ်ဖွယ်၊ ငြိမ်းချမ်းပါဝင်သော**'မယားကြောက်'**။

တက်လမ်း ဗီဒီယိုမှ ဒါရိုက်တာ ဒေါ်ရိုးရိုးရိုက်ကူး၍ နိုင်ထက်ဦး၊ ကျော်ဇောဟိန်း၊ စိုင်းဘိုဘို၊ သင်းယုလှိုင်တို့ ပါဝင်သော **'သည်တစ်ည'**၊ လင်းမြန်မာဗီဒီယိုမှ ဒါရိုက်တာ နေပိုင် ရိုက်ကူး၍ သားညီ၊ တင့်တင့်ထွန်း၊ ပပဝင်းခင် ပါဝင်သော **'ချစ်သောစိတ်'** နှင့် မျက်ခြယ်ဗီဒီယိုမှ အောင်ဆွေဆက် ရိုက်ကူး၍ ရဲမင်းပိုင်၊ မေသက်ကျော် ပါဝင်သော **'ရင်ဆိုင်ရှင်းမယ်'**၊ မြဗီဒီယိုမှ ဒါရိုက်တာ အောင်ဗ ရိုက်ကူး၍ ကျော်ရှိန်း၊ လှမျိုးသဉ္ဇာနွယ် ပါဝင်သော **'ဗီဇကောင်းကင်'** ဇာတ်ကားများ ဖြန့်ချိမည်။

ယခုအပတ်တွင် ဖြန့်ချိသောဗီဒီယို ဇာတ်ကားအနက် **'သင်္ကြန်ဇာတ်ကား'** **'လက်ဇော့နှင့်အချစ်'**၊ ဟာသဇာတ်

ကားများ ထွက်ရှိလာသည်ကို တွေ့ရသည်။

နယ်ချဲ့တော်လှန်ရေးကို အခြေခံရိုက်ကူးထားသော ဒါရိုက်တာ သရုပ်ဆောင် အောင်ခိုင်၏ **'အသက်သွေးနဲ့ ရင်းမဲ့သစ္စာ'** ဗီဒီယိုဇာတ်ကားမှာ မကြာမီဖြန့်ချိမည်ဟု သိရသည်။

သရုပ်ဆောင်များအဖြစ် အောင်ခိုင်၊ သတိုးစော၊ မင်းသစ် စသည်တို့အပြင် ဖြူစင်သူ၊ သဉ္ဇာဆုဝေ၊ ဝါဝါ အောင်တို့ ပါဝင်ထားကြသည်။ အမျိုး၊ ဘာသာ၊ သာသနာအတွက် ဇာတိမာန်ထက်သန်စေသော ဇာတ်လမ်းဖြစ်သည်ဟု ဆိုသည်။ **(မြန်မာ့အလင်း)**

ဒါရိုက်တာ ထူးသာရိုက်ကူးသည့် 'ဗေဒါပျံ့အံ့ကိုခဲ' ဗီဒီယိုဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ဝေဠုကျော် ပါဝင်သရုပ်ဆောင်ထားသည့် 'သင်္ကြန်ရင်ခုန်သံ' ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ဓာတ်ပေါင်းစုံ ရှစ်မျက်နှာစေတီတော် ထီးတော်တင်လှူပူဇော်

ချောင်းဦး မတ် ၅

စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် မှန်ချိုကျေးရွာရှိ ဓာတ်ပေါင်းစုံ ရှစ်မျက်နှာစေတီတော် ထီးတော်တင်လှူ ပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက်က အဆိုပါစေတီတော် ပရဝဏ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဗောဓိတစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနာရဒ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ငွေကြာရံ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတ ဆရာတော်များဦးဆောင်၍ ထီးတော်အလှူရှင် မှန်ချိုဆရာ ဦးလှ ငွေနှင့်ဇနီးဆရာမဒေါ်တင်နွယ်ဦး မိသားစုနှင့်ဓမ္မမိတ်ဆွေများက ထီးတော်ကို တင်လှူပူဇော်ကြသည်။

ထီးတော်တင်လှူပူဇော်ပွဲ အပြီးတွင် ဆရာတော်၊သံဃာတော်များ အား ရန်ကုန်မြို့မှ ထီးတော်အလှူရှင် မှန်ချိုဆရာဦးလှငွေနှင့် ဇနီးဆရာမ ဒေါ်တင်နွယ်ဦး မိသားစုတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(အပေါ်ပုံ) (က-ပ)

စာအောင်သံဃာတော်များ ဆုနှင်းသဘင်ကျင်းပ

ပေါင်းတည် ဖေဖော်ဝါရီ ၂၉

ပေါင်းတည်နှင့် နတ်တလင်းနှစ်မြို့နယ် ဆရာတော်ကြီးများ ဦးဆောင်၍ (၂၅) နှစ်မြောက် ဝိနယာဓိကစာအောင် သံဃာတော် ၃၇ပါးအား ဆုနှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက်က ပေါင်းတည်မြို့ နန်းဦးပရိယတ္တိ စာသင်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျွန်းပင်ကျောင်းဆရာတော် ဘဒ္ဒန္တဇာနေယျ (ဓမ္မာစရိယ)က ဝိနယာဓိက စာအောင်သံဃာတော်များအား စာအောင်လက်မှတ် ချီးမြှင့်သည်။

အဆင့်(၄)ဆင့်တွင်ပထမသုံးပါးအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးလှကြိုင် ကလည်းကောင်း၊ ဒုတိယ သုံးပါးအား သာသနာရေးဦးစီးမှူးကလည်းကောင်း၊ တတိယ သုံးပါးအား အခွန်ဦးစီးမှူးကလည်းကောင်း၊ ရိုးရိုးအောင် သံဃာတော် ၂၈ ပါးအား ပရိယတ္တိ သာသနနုဂ္ဂဟအသင်းနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(၃၃၁)**

မုံရွာမြို့ ဆူလေးကုန်းရပ် အမက(၄) မိဘ၊ ဆရာ၊ ကျောင်းသားစုံညီပွဲတော်တွင် ဆရာမ ဒေါ်မြစန်းက သူငယ်တန်းကျောင်းသူ မအိအိစံအား ပညာထူးချွန်ဆု ပေးအပ်စဉ်။ (၃၂၃)

အထူးကု ဆရာဝန်ကြီးများအဖွဲ့ ကဝအုန်းနဲ့တိုက်နယ်ဆေးရုံသို့ကွင်းဆင်းကုသ

ကဝ မတ် ၅

ကဝမြို့နယ် အုန်းနဲ့တိုက်နယ် ဆေးရုံတွင် ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး၏ ဦးဆောင်မှုဖြင့် ပဲခူးဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာဦးတင့်ထွန်းကျော် ဦးဆောင်သော အထူးကုအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ရက်က ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးမှုနှင့်အညီ အုန်းနဲ့တိုက်နယ် ပတ်ဝန်းကျင်ရှိ ကျေးလက်တောင်သူများအား အခမဲ့ကွင်းဆင်း၍ ဆေးဝါးများ ကုသပေးကြသည်။ **(ဝဲပုံ)**

အထူးကုဆရာဝန်ကြီးအဖွဲ့အား ကဝမြို့နယ်ဥက္ကဋ္ဌ ဦးခင်ညို၊ မြို့နယ်ဆရာဝန် ဒေါက်တာရဲမြင့်၊ အုန်းနဲ့တိုက်နယ်ဆရာဝန် ဒေါက်တာသူရနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြပြီး ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးအဖွဲ့က လူနာ ၅၄၁ဦးအား ကြည့်ရှု၍ အခမဲ့ဆေးဝါးများကုသပေးခဲ့ကြသည်။ **(၂၄၀)**

သီပေါမြို့နယ် စံဖိတ်ကျေးရွာ အမက ပညာရေးစုံညီ

သီပေါ ဖေဖော်ဝါရီ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စံဖိတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ မိဘ၊ ဆရာ၊ ကျောင်းသားစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ၉ရက် နံနက်က ကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာသီပေါမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းထွေးခမ်းတို့က အမှာစကားပြောကြားကြပြီး ထူးချွန်ကျောင်းသားကျောင်းသူများကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

(၃၀၆)

ဇီးကုန်းမြို့နယ်ကြက်ခြေနီ သင်တန်းဖွင့်

ဇီးကုန်း ဖေဖော်ဝါရီ ၂၉

ပဲခူးတိုင်း(အနောက်ပိုင်း)ဇီးကုန်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှအခြေခံ ရှေးဦးပြုစုခြင်းသင်တန်း ၁/၂၀၀၄ ဖွင့်ပွဲကို ဇန်နဝါရီ ၂၉ရက်က ဇီးကုန်းမြို့ သစ်နပါးကျေးရွာအလယ်တန်းကျောင်း၌ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီတပ်ရင်းမှူး ဒု-ရဲမှူး လှထွဋ်နှင့်ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ကြက်ခြေနီတပ်ရင်းမှူး ဦးခင်ဝင်းကသင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၆၂ ဦး တက်ရောက်ကြသည်။

(က-ပ)

မိတ္ထီလာမြို့နယ် လိန်တောရွာရှိ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတူးဖော်ခဲ့သည့် အလှူရှင် ရန်ကုန်မြို့ ဗိုလ်မှူးချုပ်လှမြင့်နှင့် ဇနီး ဒုတိယဗိုလ်မှူးကြီးစန်းစန်းတို့က လှူဒါန်းသည့် နှစ်လက်မ စက်ရေတွင်း ရေချိုများ ထွက်ရှိသည်ကို ဖေဖော်ဝါရီ ၁၇ ရက်က အလှူရှင် ဗိုလ်မှူးချုပ်လှမြင့်နှင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညီညီတင်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (၄၁၄)

ကျိုက်မှော်ဝန်း ရေလယ်စေတီတော် ဗုဒ္ဓပူဇနိယ ပူဇော်ပွဲအခမ်းအနားကျင်းပ

ကျောက်တန်း မတ် ၆

ကျောက်တန်းမြို့ ကျိုက်မှော်ဝန်း ရေလယ်စေတီတော် (၉၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပူဇော်ပွဲအခမ်းအနားကို မတ် ၅ရက်က ကျိုက်မှော်ဝန်းရေလယ် စေတီတော်တွင် ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အစီအစဉ်အရ ဩဝါဒါစရိယ ဆရာတော်ကြီးများ ဦးဆောင်သော သံဃာတော် အရှင်သူမြတ် အပါး ၃၀ တို့က စေတီတော်နှင့်ရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ဘုရားဒါယကာ ဦးဘထွန်း၊ ဒေါ်ဒေါ်သက်တို့၏မြေး၊ အလှူရှင် ဒေါ်ရင်မြိုင် (ယမင်းရွှေစင် ထရေးဒင်း) မိသားစုတို့က မြတ်စွာဘုရားနှင့် ရှင်ဥပဂုတ္တ ရဟန္တာအရှင်သူမြတ်အား ရည်စူး၍ ဆွမ်းသပိတ်မျှော လှူဒါန်းခြင်း၊ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းပြီး မွန်းလွဲ ၁ နာရီတွင် ဘုရားအမှူးပြုသည့် သံဃာတော်အရှင်သူမြတ် ၁၅၆ ပါးကို စေတနာရှင်များက လှူဒါန်းသည့် ကျပ်သိန်း ၃၀ တန် ငွေပဒေသာပင်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ယာပုံ) (က–ပ)**

ရောဝတီတိုင်းတွင် ဖွားသေမှတ်ပုံတင်စနစ်သစ် အကောင်အထည်ဖော်ရေးဆွေးနွေး

ပုသိမ် မတ် ၂

ဗဟိုစာရင်းအင်းအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့သည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ ပံ့ပိုးမှုဖြင့် ပူးပေါင်းဆောင်ရွက်သည့် ဖွားသေမှတ်ပုံတင်စနစ်သစ်ကိုဧရာဝတီတိုင်း (၂၆)မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းရှင်းလင်းချပြ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက်က ပုသိမ်မြို့ ရောရွှေဝါခန်းမတွင်ကျင်းပရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင့်ဆွေ တက်ရောက်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဗဟိုစာရင်းအင်းအဖွဲ့ညွှန်ကြားရေးမှူး ဦးငွေသိန်းက ဖွားသေမှတ်ပုံတင်စနစ်သစ်နှင့် ပတ်သက်၍ ရှင်းလင်းခြင်းနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေ အဖွဲ့ဌာနကိုယ်စားလှယ်၏ကိုယ်စား စီမံကိန်းအရာရှိဦးခင်ကြူက ကလေးများနှင့် မိခင်များကျန်းမာရေးများအတွက် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၏ ဆောင်ရွက်ချက်များ ရှင်းလင်းသွားကြသည်။

၎င်းနောက် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ဧရာဝတီတိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဦးသန်းအောင်တို့က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပကြသည်။ **(က–ပ)**

ကျန်းမာရေးအသိပညာပေးဟောပြော ကျေးရွာလူထုအား ကျန်းမာရေးစစ်ဆေး ကုသပေး

ရေနံချောင်း မတ် ၅

ရေနံချောင်းမြို့နယ် ကျန်းမာရေး ဦးစီးဌာနနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကျန်းမာရေးပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ၂၈ ရက်က လေးတိုင် ကျေးရွာ ပညာရွှေစင် စာကြည့်တိုက်တွင် ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ဆရာဝန်ကြီး ဦးအေးက မြွေဆိုးအန္တရာယ် ကာကွယ်ခြင်း၊ ဒေါက်တာထွန်းကြိုင်က အေအိုင်ဒီအက်ရောဂါ ကာကွယ်ခြင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်မြင့်သန်းက ကင်ဆာရောဂါအကြောင်းနှင့် ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း လုပ်ငန်းများကို ပညာပေးဟောပြောကြသည်။ ဆက်လက်၍အထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာလူထု ၂၀၀ ကျော်အား ကျန်းမာရေး စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရေးစည်းဝေး

မော်လမြိုင် မတ် ၅

မွန်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင် တက်ရောက် အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်၊ အဖွဲ့ဝင်(၂) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းလင်း၊ မော်လမြိုင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့် မွန်ပြည်နယ် (၁၀)မြို့နယ်မှ မြို့နယ် အမှုဆောင်များ၊ အင်ဂျင်နီယာမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ပြီးစီး

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းမှူးသို့ ၂၀၀၃–၂၀၀၄ဘဏ္ဍာရေး နှစ်နှင့် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကို မြေပုံကားချပ်များနှင့် အသေးစိတ် တင်ပြကြသည်။

(အောက်ပုံ)

ရှင်းလင်းတင်ပြချက်များအပေါ် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်အကြံပြုပြီး လုပ်ငန်းများသတ်မှတ် ရက်ကာလအတွင်း အပြီးသတ်အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **(၁၆၈)**

အမြို့မြို့ အနယ်နယ် သတင်းများ

မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြော

မန္တလေး ဖေဖော်ဝါရီ ၂၈

မန္တလေးမြို့ မီးဘေးကင်းဝေးစေရေးအတွက် မန္တလေးတိုင်းမီးသတ် ဦးစီးဌာနက အထူးစီမံချက်ရေးဆွဲ၍ လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်ရေးကို ဇန်နဝါရီ ၁၆ ရက်က မန္တလေး အောင်မြေသာစံ မြို့နယ် အမရဌာနီ အနောက်ရပ်ကွက်မီးသတ်စခန်းသို့ ဒုတိယညွှန်ကြားရေးမှူး ရဲကျော်သူ ရဲသူရသန်းကျော်ကျော်နှင့် အဖွဲ့ ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးနှင့် အဖွဲ့ကို တာဝန်ရှိသူတို့က ရပ်ကွက် မီးဘေးကြိုတင်ကာကွယ်ရေး အတွက် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ထားမှုများကို မြေပုံကားချပ်နှင့်တကွ ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားပြီးနောက် မီးသတ်ယဉ်ကြခိုင်မှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောခြင်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(၁၆၂)**

မဟာဒွါရသာသနပါလစာမေးပွဲ ဓမ္မိကာရာမကျောင်းတိုက်၌ကျင်းပ

ဘိုကလေး ဖေဖော်ဝါရီ ၂၉

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏောသနဆရာတော်ကြီးနှင့် မဟာဒွါရဂိုဏ်းလုံးဆိုင်ရာ အနုနာယက ဘဒ္ဒန္တ ပုညာဝဓ ကျိုက်လတ်ဆရာတော်ကြီးများ ကြီးမှူးကျင်းပသော (၂၅)ကြိမ်မြောက် မဟာဒွါရ သာသနပါလ စာမေးပွဲကြီးကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက ဘိုကလေးမြို့ ဓမ္မိကာရာမ (ဒွါရ)ကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ စာမေးပွဲကြီးကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ လေးရက်တိုင်ကျင်းပရာ စာဖြေသံဃာအပါး ၂၃၀ ကျော်ဝင်ရောက်ဖြေဆိုသည်ကို နာယကဆရာတော်များ၊ တာဝန်ခံဆရာတော်များက ကြီးကြပ် ဆောင်ရွက်စစ်ဆေးတော်မူကြသည်။ **(၃၉၄)**

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ဦးပေါ်တော်မူဘုရား ပတ်လမ်း ကတ္တရာခင်းခြင်းကို ဖေဖော်ဝါရီ ၂၉ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးအုန်းသွင် ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

လေးမျက်နှာမြို့နယ် ရှားဖြူကျင်းကျေးရွာတွင် တစ်လက်မခွဲ တွင်းတိမ် တူးဖော်မှုနှင့် လက်နှိပ်ပန့် တပ်ဆင်ပြီးစီးမှုကို ဖေဖော်ဝါရီ၂၄ရက်က အမှုဆောင် အရာရှိ ဦးမောင်မောင်မြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။(က–ပ)

မြန်မာ့အသံ

၁၀–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်း

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်တရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (အိမ်တွင်းစက်မှုလက်မှု ဆားချိုထုတ်လုပ်ခြင်းအကြောင်း)

၁၁:၃၀ သောတရှင်အတွက်ပြန်ကြားချက်

၁၂:၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)

၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး (ဒေါ်သက်ထိန်းပါ) မြတ်ထွင့်ညွှန့်(ဆေး–၂)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (ကျေးလက်ဖျော်ဖြေမှု– ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၆:၁၀ မြို့တော်သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး ဆွေးနွေးခန်း(၁)

၁၇:၃၀ အစာနှင့် အာဟာရ (ခိုတောင်မုန့်တီ)

၁၇:၄၅ သူ့လက်သံလက်စွမ်းပြ (ဆို၊က၊ရေး၊တီး၊ဆုရအစီအစဉ်) (မွန်ပြည်နယ်မှ မောင်စိုးအောင်ရဲ့ ပတ္တလားလက်သံ)

၁၈:၁၅ ဟောပြောချက်(ခေတ်မီဖွံ့ဖြိုး တိုးတက်နေသောတပ်မတော်)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)အမေ့ကြေးစည်သံ (ချစ်နိုင်–စိတ်ပညာ) (၂)ကမ္ဘာကျော် ရာဇဝတ်မှုကြီးများ (မောင်သိန်းလွင်–ပြန်ဆိုသည်)

၁၉:၁၅ (၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ချီတေးပြိုင်ပွဲဆုရတေးများ

၂၀:၀၀ တေးပုလဲကိုဘမြင့် တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော အချစ်စောင်းညို့ရှင်တေးစီးရီး

A 21
Beauty Soap

TOOTHPASTE
BEST-T
FRESH BREATH - STRONG WHITE TEETH

1 Plus 1

Beauty Palace Co. Ltd. မှ ထုတ်လုပ်၍ အစဉ်ကျော်ကြား လူကြိုက်များသော A21 နှင့် 1 Plus 1 ဆပ်ပြာအမျိုးမျိုး၊ Best-T သွားတိုက်ဆေးများကို စိစိတို့မြို့နယ်အတွက် ရောင်းချလိုသည့် နယ်ကိုယ်စားလှယ်များသည် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

အောက်မြန်မာပြည်
Beauty Palace Co. Ltd.
အမှတ် ၃၉၊ ရွှေတောင်တန်းလမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၂၂၄၆၄၆၊ ၂၂၆၃၅၃၊ ၂၂၅၇၃၃၊ ၂၂၆၂၆၇ ဖက်စ် - ၂၂၈၂၈၄
ဆယ်လူလာ - ၀၉ ၅၀၈၂၀၉၇၊ ၀၉ ၅၀၁၃၈၂၅၊ ၀၉ ၉၉၂၄၀၉၀

အထက်မြန်မာပြည်
ကိုမြတ်ဇော် (ခ) ကိုသံခဲ
အမှတ် ၁၃၅၊ ၈၄ လမ်း၊ ၃၀ နှင့် ၃၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - (၀၂) ၃၁၆၇၄၊ ၃၁၆၇၅၊ ၂၅၂၁၇

စက်ရုံ
Beauty Palace Co. Ltd.
အမှတ် ၁၅၄၊ မြောက်ဥက္ကလာပ၊ ဦးဖိုးလမ်း၊စက်မှုဇုန်အမှတ် (၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၆၁၃၄၁၇၊ ၆၁၄၇၉၃



မတ် ၆ ရက်က တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် အမှတ်(၅)ဝိုင်း ပရိယတ္တိနယူပဒေသ သိပ္ပမဍ္ဍူစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တတိက္ခဉာဏ(စာရေးဆရာစိတ်မိုး)၏ သက်တော်(၆၇)နှစ်ပြည့် ဝိဇာတ ပူဇာမင်္ဂလာနှင့် စာသင်တိုက်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို သိပ္ပမဍ္ဍူစာသင်တိုက်၌ ကျင်းပရာ အလှူရှင်များအား ဆရာတော်က ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၉၂)

အထက(၁)သန်လျင် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၈

၁၉၅၃ မှ ၂၀၀၃ ခုနှစ်အတွင်း အထက(၁)သန်လျင်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် ပြီးသော ဆရာ ဆရာမကြီးများအား (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၇ ရက် (စနေနေ့) နံနက် ၈နာရီတွင် အထက(၁)သန်လျင် ပတ္တမြားခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများအားလုံး တက်ရောက်ပူဇော်ကြရန်နှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးရန်အောင် ဖုန်း-၀၁-၅၄၀၉၆၊ ဒေါ်စမ်းဝင်း ဖုန်း-၀၅၆-၂၁၁၅၈နှင့် ဒေါ်အုန်းရီ အထက (၁) သန်လျင်တို့ထံ အလှူငွေများ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဖေဖော်ဝါရီ ၂၉ ရက်က လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်း အခမ်းအနားကျင်းပရာ အလယ်တန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းက ကျောင်းသူတစ်ဦးအား ပေးအပ်စဉ်။ (က-ပ)

ပေးအပ်

မတ် ၆ရက်က ရန်ကင်းမြို့နယ် အမက(၁၂) ၂၀၀၃-၂၀၀၄ခုနှစ် ပညာသင်နှစ် ပြီးမြောက်ခြင်း လက်မှတ်ပေးပွဲ အခမ်းအနား ကျင်းပရာ စတုတ္ထတန်းမှမစုရတနာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။

(က-ပ)

မတ် ၆ ရက်က ဗဟန်းမြို့နယ် အမှတ် (၂၅)အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပသော ၂၀၀၂-၂၀၀၃ ခုနှစ် မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးအပ်ပွဲတွင် ပြည်ထောင်စုနေ့ စာစီစာကုံး ပထမဆုနှင့် စာပေဘာသာရပ် ထူးချွန်ဆုရရှိသော စတုတ္ထတန်းမှ မောင်မာန်ဟုန်သိမ်းအား ကျောင်းအုပ်ဆရာကြီး ဦးအောင်နိုင်ဝင်းက ဆုချီးမြှင့်စဉ်။

(က-ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ ညောင်ရမ်းမြို့မရပ်နေ
ဦးသန်းမောင်–ဒေါ်ခင်ကြည်တို့၏သား
မောင်ခင်မောင်ရင်
နှင့်
သဃ်န်းကျွန်းမြို့နယ်၊ တိုက် ၂၅၁၊ အခန်း ၃၊ သပြေညိုလမ်း၊ သုဝဏ္ဏနေ
(ဦးသိန်းအောင်–ဒေါ်တင်နွဲ့)တို့၏သမီးကြီး
မဝေဝေသိန်းအောင်
တို့သည် ၂၃–၂–၂၀၀၄ ရက်တွင် နှစ်ဖက်မိဘအုပ်ထိန်းသူများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
မောင်ခင်မောင်ရင်နှင့်မဝေဝေသိန်းအောင်။

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန
ရန်ကုန်သမဝါယမဒီဂရီကောလိပ်
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန် သမဝါယမဒီဂရီကောလိပ်)၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည် ဖြစ်ပါသည်။

၁။ ဖွင့်လှစ်မည့်သင်တန်းများ။

လက်မှတ်ရသင်တန်းများ

(၁) Certificate in Computerized Accounting Course(ACCPAC plus With Modules)

(၂) လက်မှတ်ရမြန်မာကွန်ပျူတာစာရင်းကိုင်စနစ်သင်တန်း(iLedger) INTEGRA Systems Company Ltd. ဖြင့်ပူးပေါင်း၍ စီးပွားရေး လုပ်ငန်းများတွင် လက်တွေ့အသုံးပြုလျက်ရှိသော မြန်မာဘာသာဖြင့် စာရင်းသွင်းခြင်းစနစ်ကို Software Packages ရေးဆွဲသူများ ကိုယ်တိုင် ပို့ချမည်။)

(၃) Certificate in English Proficiency Course (ပြင်ပကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းပို့ချမည်။)

(၄) Certificate in Korean Language Course ကိုရီးယားနိုင်ငံမှ Native Speaker ဆရာတစ်ဦး ပါဝင်ပို့ချမည်။

၂။	သင်တန်းအောင်လက်မှတ်	– လက်မှတ်(Certificate)ပေးမည်။
၃။	သင်တန်းကာလ	– အထက်ပါသင်တန်းအားလုံး (၄)လသင်တန်း (စနေနေ့နှင့် တနင်္ဂနွေနေ့)
၄။	သင်တန်းဝင်ခွင့်အရည်အချင်း	– အနိမ်းဆုံး အခြေခံပညာအထက်တန်း အဆင့်ရှိသူများနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ
၅။	လျှောက်လွှာပုံစံယူရန်နှင့် သင်တန်းတည်နေရာ	– ရန်ကုန်သမဝါယမဒီဂရီကောလိပ် (ဒီပလိုမာသင်တန်းခွဲ) ဆရာစံပလာဇာ(တတိယထပ်)၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်။
၆။	လျှောက်လွှာပိတ်မည့်ရက်	– ၂၀–၃–၂၀၀၄ ရက်
၇။	အသေးစိတ်အချက်အလက်	– အထက်ပါသင်တန်းခွဲရုံး၊

စုံစမ်းရန် ဖုန်း–၅၄၂၈၁၅၊ ၅၅၉၁၇၃
မှတ်ချက်–သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

အသိပေးကြေညာချက်

မြိတ်မြို့ ကန်ကြီးနယ်မြေ မြန်အောင်ရပ် ရွှေကျင်တိုက်ကျောင်းလမ်း အမှတ် ၂၈နေ ဦးစောဂျက် (ခ) ဦးချစ်ဖေ ၆/ဘပန(နိုင်) ၀၁၆၃၀၈နှင့် ဒေါ်ခင်စိုး ၆/ ဘပန(နိုင်) ၀၁၁၆၇၆တို့ ဇနီးမောင်နှံ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

၂၀၀၃–၂၀၀၄ခုနှစ် မြိတ်ခရိုင် မြိတ်မြို့နယ် ရပ်ကွက်အမှတ် ၅၊ ကန်ဖျားရပ်ကွက်၊ ကွင်းအမှတ်/အမည် ၆(င)ကန်ဖျား၊ ဦးပိုင်အမှတ် က/၂၊ ဧရိယာ (၀.၃၁၆)ဧက၊ ဦးပိုင်အမှတ်–၃၊ ဧရိယာ (၀.၄၆၆)ဧကနှင့် ဦးပိုင်အမှတ်–၄၊ ဧရိယာ (၀.၂၆၁)ဧကစုစုပေါင်း (၁.၀၄၃)ဧကရှိ ဦးအောင်ဝင်းထွန်းသည် အမည်ပေါက် မြေကွက်နေရာများကို ကျွန်ုပ်မိတ်ဆွေ ဦးစောဂျက်(ခ) ဦးချစ်ဖေနှင့် ဒေါ်ခင်စိုးတို့ ဇနီးမောင်နှံက ဦးအောင်ဝင်းထွန်းထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နေရာများနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစ၍ တစ်လအတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ဖော်ပြပါ မြေကွက်နေရာများကို အရောင်းအဝယ်ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးစန်းလွင် B.A(Law), LL.B
တရားရုံးချုပ်ရှေ့နေ
သန်းဖိုရပ်၊ မြိတ်မြို့။



ဝမ်းနည်းခြင်း
ဦးမောင်သာဓ(စစ်တွေ)
အသက်(၉၀)

အဘိုး ဦးမောင်သာဓ(စက်ရှင်မင်းကြီး၊ ရခိုင်ပြည်နယ်တရားရေးဦးစီးမှူး၊ ငြိမ်း၊ တရားရုံးချုပ်ရှေ့နေကြီး)သည် ၄–၃–၂၀၀၄ ရက် ညနေ ၃:၃၅ နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းမိပါကြောင်း။ အဘိုး ကောင်းရာသုဂတိသို့လားပါစေ။
ရခိုင်သားကြီးစာပေ

မင်္ဂလာဦးဆွမ်းကျွေးညှော်ပွဲကျေးဇူးတင်လွှာ

(ဦးကိုကိုကြီး–ထောင်မှူး)–ဒေါ်ခင်နုတို့၏ သားကြီး
မောင်ဘုန်းလွင်
(မန်နေဂျာ၊ မာကိုပိုလိုစားသောက်ဆိုင်) နှင့်
(ဗိုလ်ကြီးခင်မောင်ဦး–ငြိမ်း)–ဒေါ်ခင်ရှုတို့၏ သမီးထွေး
မခိုင်မာဦး B.Sc (Phy)
တို့၏ ၁၆–၂–၂၀၀၄ ရက်တွင် မဟာသန္တိသုခ ကျောင်းတော်ကြီး၌ ကျင်းပသော မင်္ဂလာဦး ဆွမ်းကျွေးပွဲသို့ ကြွရောက် ချီးမြှင့်ကြသော လူကြီးမင်းများနှင့် ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်ဘုန်းလွင်–မခိုင်မာဦး။

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ ပစ္စည်းကို ဝယ်ယူလိုပါသည်။

Duplex Board Paper 180 gm^2 (32" x 40")-100 tons

၂။ တင်ဒါပေးသွင်းမှုကို ၁၁–၃–၂၀၀၄ ရက် (၁၆:၃၀) နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။

အမည်ပြောင်း အဖ ဦးဇော်ဟိန်း၏သမီး ကမာရွတ်လေ့ကျင့်ရေး အထက်တန်းကျောင်း ပထမတန်း(C) မှ မယမုံမောင်အား မရည်မွန်မောင်ဟု ပြောင်းလဲခေါ်ပါရန်။
မရည်မွန်မောင်

ရောင်းချရန်ကြော်ငြာစာ
တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၂၃

ဦးမျိုးအောင် **(တရားနိုင်)** **နှင့်** ဒေါ်လှချယ် **(တရားရှုံး)**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၉၇/၂၀၀၀ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၀၄ ခုနှစ် ဧပြီလ ၂၂ ရက်နေ့ နံနက်၁၀နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော် လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့် ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါကပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ ခုနှစ် မတ်လ ၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

ဒေါ်ပိုက်ပိုက်အေး(တ/၁၅၈၆)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် ၉၅၂၊ ဧရိယာ ပေ ၄၀xပေ ၆၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဗိုလ်စောနောင်လမ်း၊ အမှတ် ၉၅၂ ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

အထက်ပါပစ္စည်းအတွက် ကြမ်းခင်းဈေး ကျပ်သိန်း ၅၀ (ကျပ်သိန်းငါးဆယ်တိတိ) သတ်မှတ်ပါသည်။

ဒေါ်တင်
(တောင်ကြီး)
အသက်(၉၀)

ရန်ကုန်မြို့၊ အမှတ် ၄၂၊ ရွှေတောင်တန်းလမ်းနေ (ဒေါ်စောတင်)၊ (ဒေါ်မြကျင်)တို့၏ညီမ၊ (ဦးရွှေသွင်)သနပ်ဖက်ပွဲစားကြီး၏ဇနီး၊ တောင်ကြီးမြို့၊ အမှတ် ၆၁၊ ဇောတိကလမ်း၊ ကန်ရှေ့ရပ်နေ ဦးပြေဝင်း-ဆရာမ ဒေါ်မြမြသွင်၊ ဦးဇော်မြသွင်-ဆရာမ ဒေါ်မေမေသွင်၊ ဦးစံနီသွင်(ပင်လုံ)-ဒေါ်လှမြင့်တို့၏ မိခင်၊ မြေး၊ ငါးယောက်တို့၏အဘွားသည် ၇-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၅:၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါက်တာဝေဖုန်း
(ဆမ-၁၆၈၆၉) M.B.,B.S (Ygn)
မြို့နယ်ခွဲဆရာဝန် (ရေဗွာမြို့နယ်ခွဲ၊ မတူပီမြို့နယ်၊ ချင်းပြည်နယ်)
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ရွှေနှင်းဆီလမ်း၊ အမှတ် ၁၀၂၈၊ ယခင် ပုဇွန်တောင်မြို့နယ်၊ ယုဇနလမ်း၊ အမှတ် ၂၆ နေ ဦးထွန်းဝေ(လက်ထောက်အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်အေးကျင်တို့၏သားထွေး၊ ဦးဝေအောင်(Sunfoco)၊ ဦးမျိုးလွင်အောင်(C/E-Bay Point Mariting)-ဒေါ်ဝေဝေသန်း၊ ဦးဝင်းနိုင်ထွေး-ဒေါ်ဝေဝေမိုး(ဦးစီးအရာရှိ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးဝေမောင်-ဒေါ်စိုးသီတာလှိုင်တို့၏ညီ/မောင်၊ မမျိုးမျိုးခွာညိုဇင်(အထက-၂၊ လသာ)၊ မမေမြတ်မိုးထွေး(TTC)၊ မယဉ်မြတ်မိုးထွေး၊ ဖိုးလူအေးတို့၏ဦးလေးသည် ၈-၃-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး ဒေါ်အေးမြိုင် (ဟသ္သာတမြို့)
အသက်(၆၀)

တောင်ဥက္ကလာပမြို့နယ်၊(၆)ရပ်ကွက်၊ အင်းဝလမ်း ၂၀၊ အမှတ် ၁၉၃ နေ (ဦးသိန်းထွန်း)၏ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့်စိုး၊ ဦးမြင့်ရှိန် (အမက-၂၊ တောင်ဥက္ကလာ)-ဒေါ်စောမြင့်၊ ဦးထွန်းရီ-ဒေါ်ခင်စန်းမြင့်တို့၏အစ်မ၊ ကိုလွင်ဦး-မသန်းသန်းဌေး၊ ကိုသိန်းဦး-မခင်အုံးမြင့်၊ကိုကြည်ဦး၊ကိုမြအောင်-မကြည်ကြည်မွန်၊ ကိုသိန်းဇော်ထွန်း၊ ကိုစိုးသူထွန်း၊ ကိုဝင့်သူထွန်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၈-၃-၂၀၀၄ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း ဟာဂျီမဇော်ဟိုရာဘီ(ခ) ဒေါ်ခင်စောမြင့်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၃ လမ်း၊ အမှတ် ၅၀ နေ (ဦးမောင်လေး-ဒေါ်ဘူဒီ)တို့၏သမီး၊ (ဒေါ်နွဲ့နွဲ့)၊ (ဟာဂျီဟူစိန်)-ဟာဂျီမဒေါ်မြင့်မြင့်ဝေ (ဒေါင်းဖန်ဝါ စက္ကူနှင့် အလှဆင်ပန်းအမျိုးမျိုးရောင်းဝယ်ရေး၊ အမှတ် ၃၇၄၊ ဘီရုံ၊ သိမ်ကြီးဈေး)တို့၏ညီမ၊ ဟာဂျီမဒေါ်နုနု၏အစ်မ၊ တူ တူမ ၁၄ယောက်တို့၏အဒေါ်သည် ၆-၃-၂၀၀၄ရက် (စနေနေ့) ည ၉:၁၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၇-၃-၂၀၀၄ရက်(တနင်္ဂနွေနေ့) ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေး စွန်နီကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **Asst. Project Manager** (ကျား) ၁ ဦး
၂။ **Asst. Hotel Manager** (ကျား/မ) ၁ ဦး
၃။ **Hotel Receptionist** (မ) ၄ ဦး
၄။ **Hotel Room Boy** (ကျား) ၄ ဦး

အမှတ်စဉ်(၁)အတွက် ဆောက်လုပ်ရေးလုပ်ငန်း အတွေ့အကြုံ အထူးသဖြင့် **Waterproofing** လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်(၂)အတွက် အင်္ဂလိပ်စကားကျွမ်းကျင်စွာရေးနိုင်၊ပြောနိုင်ရမည်။ ဟိုတယ်လုပ်ငန်းအားစိတ်ဝင်စားပြီး ဝန်ထမ်းများအား အုပ်ချုပ်နိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၃)အတွက် ရုပ်ရည်သန့်ပြန့်၍ အင်္ဂလိပ်စကားကျွမ်းကျင်စွာ ရေးနိုင်၊ ပြောနိုင်ရမည်။

အမှတ်စဉ်(၄)အတွက် အလုပ်လုပ်လိုစိတ်ရှိ၍ ကျန်းမာရေးကောင်းမွန်ရမည်။

ကြော်ငြာသည့်နေ့မှ ခုနစ်ရက်အတွက် အောက်ပါလိပ်စာအတိုင်း မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ လိုအပ်သော အထောက်အထားများနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် ၅၂၊ ၃ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး ဒေါ်တင်ကြည်
(ဝါးဘလောက်သောက်)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၆၊ ၄၈ လမ်းနေ (ဦးပန်)၏ဇနီး၊ ဦးချစ်မောင် (ရွှေစင်မြန်မာတည်းခိုခန်း)၊ဒေါ်သန်းနွယ်၊ ဒေါ်ညွန့်ညွန့်၊ ဦးမောင်စိန်(ခ)ဦးစိန်ကြီး (ရွှေငွေထွန်းကားဘော်ဒီရုံ) ဒေါ်ခင်စန်းမြင့်၊ ဦးစိန်လေး (Aces Group Travel & Tours) – ဒေါ်မြင့်မြင့်ရီ၊ ဦးလှဌေး (Chief Officer Monsoon Company) (ဒေါက်တာဒေါ်ခိုင်ခိုင်ရွှေ)၊ ဒေါ်စီစီ (အထက-၄၊ ဗိုလ်တထောင်)တို့၏မိခင်၊ မြေး ကိုးယောက်တို့၏အဘွားသည် ၇-၃-၂၀၀၄ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိန်လင်း
(ထားဝယ်)
လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်
အသက်(၈၅)နှစ်

ထားဝယ်မြို့၊ ခံဝင်းဒပ်ရပ်၊ပိတောက်ရွှေဝါလမ်း၊ အမှတ် ၃၂၁ နေ (ဦးလွန်းဘင်-ဒေါ်စိန်ချယ်)တို့၏သား၊(ဒေါ်တင်တင်)၏ခင်ပွန်း၊ (ဦးဂွမ်ရှိန်-ဒေါ်တင်တင်ဝင်း)၊ ဦးမျိုးအောင်-ဒေါ်ခင်ညွန့်၊ ဦးအောင်လွင်(လုံးတော်ပေါက်တံတားစီမံကိန်း၊ ဆလရ)-ဒေါ်ရီရီဝင်း၊ ဒေါ်သန်းသန်းဝင်း(အထက-၃၊ ထားဝယ်)၊ ဦးအောင်ကျော်ဦး-ဒေါ်ချိုချိုဝင်း(မြိတ်ဆေးရုံကြီး)၊ ဦးသိန်းထိုက်-ဒေါ်မူမူဝင်းတို့၏ ဖခင်သည် ၈-၃-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်မှဝဲကျွန်းသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမ ဒေါ်သိန်းမြင့်
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးငွေချို-ဒေါ်အေး)တို့၏သမီး၊ဦးညွန့်-(ဒေါ်သန်းစိန်)တို့၏သမီးချွေးမ၊(ဦးအောင်သန်း)-ဒေါ်သန်းမေ၊ ဦးမှန်း-ဒေါ်တင်ရီတို့၏ညီမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၁၂၄၃/၄၅ နေ ဦးစိုးညွန့်(ဒု-ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)၏ဇနီး၊ ကိုပိုးကိုကို၊ ကိုမင်းကိုကို၊ ကိုနေလင်းကိုကို – မကြည်ကြည်ဝင်းတို့၏မိခင်၊ မောင်ရဲဝင့်အောင်၏အဘွားသည် ၇-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂:၂၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

၁၃-၃-၂၀၀၄ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးအောင်သိန်းမြင့်
(ဦးစီးအရာရှိ)
(စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန)
အသက်(၅၇)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာအရှေ့ ၁၄ လမ်း၊ အမှတ် ၆၀၈ နေ (ဦးမောင်အုန်း-ဒေါ်အေး)တို့၏သား၊ (ဦးသောင်း)-ဒေါ်မြင့်တို့၏သားသမက်၊ ဒေါ်ခင်ဌေးဝင်း၏ခင်ပွန်း၊ မောင်ကျော်ရန်နောင် (B.A,Geo)၊ မအင်ကြင်းအောင် (B.Sc, Math)၊ မနှင်းနှင်းသော်(3rd Year, BBA)တို့၏ဖခင်သည် ၇-၃-၂၀၀၄ရက် ည ၈ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊လမ်း ဒါယိကာမကြီး ဒေါ်အေးခင် (ကျိုက်သဲမြို့)
အသက်(၉၂)နှစ်

ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်၊ ကျိုက်သဲမြို့၊ အမှတ် ၅၂၊ ပန်းတိမ်တန်းလမ်းနေ (ဦးမောင်မှိန်)၏ဇနီး၊ ဦးတင်ဝင်း-[ဒေါ်ခင်ဆွေနွဲ့(ခ)ဒေါ်ဖုန်ငွေ]တို့၏မိခင်၊ ဦးသက်နိုင်ဇော်-ဒေါ်ထေရီစံ၊ ဦးစောမြင့်သိန်း(ခ)ပေါက်စတို့၏အဘွားသည် ၈-၃-၂၀၀၄ရက် နံနက် ၈:၂၀ နာရီတွင် ပြည်မြို့ မျိုးသုခဆေးခန်း၌ ကွယ်လွန်ပြီးဖြစ်ပါ၍ ၁၀-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ကျိုက်သဲမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး ဒေါ်အုံးကြည်(ခ) ဒေါ်ဥတ္တမစာရီ
မိုးကုတ်ဝိပဿနာယောဂီဟောင်း
အသက်(၇၂)နှစ်

(ဦးဘအုံး-ဒေါ်ဖွားရှိန်)တို့၏သမီး၊ (ဦးကြည်)၏ဇနီး၊ ဦးဝင်းမြင့်(ခ)ဦးဖိုးသိန်း-ဒေါ်အေးရီ၊ ဦးဝင်းတင်(တကက၊ ရကတ ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်ခင်မုဏ်းမုဏ်း၊ ဦးဝင်းချစ်-ဒေါ်စန်းစန်းနု၊ ဦးဝင်းဗိုလ်တို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၈-၃-၂၀၀၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၀) ရပ်ကွက်၊ အောင်သိဒ္ဓိ ၃ လမ်း၊ အမှတ် ၃၂၀(ခ) နေအိမ်မှ မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး ဦးအုန်းကျော်
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မိုး/ဇလ(ငြိမ်း)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ခြံအမှတ် ၃၊ အောင်မင်္ဂလာလမ်းနေ ဦးသာဒွန်း-ဦး-(ဒေါ်ကြည်)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါက်တာဦးကြွယ်-ဒေါ်အေးကြူ)တို့၏သားသမက်၊ ဒေါ်မြမြ (မန်နေဂျာ၊ ငြိမ်း၊ ကုန်သွယ်ရေး)၏ ခင်ပွန်း၊ မအိအိကျော်၊ ဒေါက်တာစည်သူဝင်း – ဒေါက်တာခိုင်ခိုင်ကျော်တို့၏ဖခင်၊ မောင်ငြိမ်းချမ်းစည်သူဝင်း၏အဘိုးသည် ၈-၃-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

၁၄-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်မြမြသိန်း
(အမက-၂၊ သာကေတ)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်အမှတ် ၂၈(ဘီ)၊ ၁ လမ်း၊ အခန်းအမှတ် ၄၀၁ နေ(ဦးလှမောင်-ဒေါ်မြရှင်)တို့၏သမီး၊ ဦးသန်းနိုင် (တရားရုံးချုပ်ရှေ့နေ)-ဒေါ်သန်းစော (အလက-၂၊ သာကေတ)တို့၏ညီမ၊ ဒေါ်ဝင်းဝင်းမြင့်၊ ဦးဝင်းနိုင် (တပ်မတော်သင်္ဘောဆေးစက်ရုံ)တို့၏အစ်မ၊ ဦးထိန်ဝင်း(အလပြ၊ အလက-၂၊ ဒေါပုံ) မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒိုင်လူကြီး၏ဇနီး၊ မနွယ်နီဝင်း(ဗဟိုဘဏ်)၊ မောင်အောင်ဇော်လတ်-မစုစုမြိုင်၊ မောင်အောင်သူဝင်း (ကာကွယ်ရေး၊ ငွေစာရင်း)-မသူဇာဝင်း၊ မောင်မျိုးသူဝင်း၊ မောင်နေဝင်းတို့၏မိခင်သည် ၈-၃-၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၄ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမက-၂၊သာကေတကျောင်းရှေ့မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်သန်း
(စား/ဖျော်၊ငြိမ်း)
အသက်(၅၀)

ရန်ကုန်မြို့၊ သုဝဏ္ဏမြို့၊ အမှတ် ၁၀၊ အခန်း ၂၊ ခရေမြိုင်လမ်း၊ စုပေါင်းအိမ်ရာနေ ဗိုလ်မှူးပန်းသီး(ငြိမ်း)-ဒေါ်မြင့်မြင့်တို့၏သား၊ ဦးတင်အုန်း-ဒေါ်မမကြီးတို့၏သားသမက်၊ ဒေါ်သီတာမြင့်၏ခင်ပွန်း၊ ဦးကျော်ကျော်-ဒေါ်ခင်ရဲမြင့်၏ညီ၊ ဦးဝင်းမြင့်၏အစ်ကို၊ မစုသဉ္ဇာအောင်၊ မစုသန္တာအောင်၊ မောင်ဇင်ဘိုဘိုအောင်တို့၏ဖခင်သည် ၈-၃-၂၀၀၄ ရက် နံနက် ၀၀:၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဘသာ
(ယဉ်ကျေးမှုဗိမာန်၊ ငြိမ်း)
(ဓနုဖြူ၊ ကန်တော်ကလေး)
အသက်(၈၇)နှစ်

ဓနုဖြူမြို့နေ (ဦးဖိုးတင်-ဒေါ်နှစ်)တို့၏သား၊ (ဒေါ်မြရင်)၊ (ဒေါ်မြကျင်)တို့၏မောင်၊ (ဦးဘလှ)၏ညီ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၈၉ (ပထပ်/ညာ)နေ(ဒေါ်မြရင်)၏ခင်ပွန်း၊ ဦးမြင့်သောင်း(Victoria Shipping Co., Ltd.)-ဒေါ်ခင်အေးသိုက်၊ ဦးအောင်သိုက် (ရန်ကုန်တိုင်း စာရင်းရုံး)-ဒေါ်အုံးသန်း (ဒဂုံမြို့နယ် စာရင်းရုံး)၊ ဒေါ်ခင်ဆွေသိုက် (ရန်ကုန်တက္ကသိုလ်)တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၈-၃-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁:၀၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး ဒေါ်ကျင်ရွှေ
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၂၊ အောင်မင်္ဂလာလမ်း၊တာမွေမြို့နယ်နေ(ဦးထွန်းလှိုင်)၏ဇနီး၊ ဒေါက်တာဦးတင်ယု၊ ဦးလှဝင်းတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၈-၃-၂၀၀၄ရက် နံနက် ၁၁:၀၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်သန်းညွန့်
(သန်လျင်၊ ကျောက်တန်း)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တိုက် ၄၊ အခန်း ၄၀၃၊ ကျိုက်တော်အိမ်ရာနေ (ဦးသာကြူ-ဒေါ်ခလေးမ)တို့၏သမီး၊ ဦးစိန်သန်း၏ဇနီး၊ (ဦးလှရှိန်-ဒေါ်စိန်တင်)၊ (ဦးလှသွင်)-ဒေါ်ကြင်ရီ၊ ဦးတင့်ဆွေ-ဒေါ်တင်ဌေး၊ (ဦးကျော်ထွန်း)-ဒေါ်အေးသန်း၊ ဦးအုန်းသွင် (ကက-ငွေ)-ဒေါ်အုန်းအုန်းမြင့်၊ (ဦးကြည်ဝင်း)တို့၏မိခင်သည် ၈-၃-၂၀၀၄ရက် (တနင်္လာနေ့)တွင်ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိုးလှိုင်(ခ)ဦးဟုတ်လှိုင်
(မြိတ်/တောင်ကြီး) လဝက(ငြိမ်း)
အသက်(၇၃)နှစ်

မြိတ်မြို့နေ (ဦးအံ့နီ-ဒေါ်စု)တို့၏သား၊ (ဒေါ်ကြူ)၊ ဦးအင်စိန်-(ဒေါ်ပို)၊ (ဦးချင်တိတ်-ဒေါ်မွှာ)၊ (ဒေါ်ဟွာ)တို့၏မောင်၊ (ဦးတိတ်ရှိန်)-ဒေါ်မြိုင်၊ (ဦးဟုတ်ချွမ်)၊ ဒေါ်တီ၊ ဦးဘယူ-ဒေါ်အီတို့၏ အစ်ကို၊ အမှတ် ၁၇၅၊ သိပ္ပံလမ်း၊ ကန်ရှေ့ရပ်၊ တောင်ကြီးမြို့နေ [ဒေါ်မြရီ(ခ)ဒေါ်တူး]၏ခင်ပွန်း၊ မောင်မြင့်သိန်း၊ ဒေါက်တာသန်းသန်းအေး(သဃန်းကျွန်းစံပြဆေးရုံကြီး)၊ မောင်စိုးသန်းတို့၏ ဖခင်သည် ၈-၃-၂၀၀၄ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံ အဆင့်မြင့်အိမ်ရာ၊တိုက်(C)၊အခန်း ၂၀၉ တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယကာကြီး ဦးရဲတင့်
အသက်(၅၈)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သဗ္ဗာ ၇ လမ်း၊ အမှတ် ၂၇၅နေ ဦးထွန်းရင်-ဒေါ်တင်တို့၏သား၊ ဒေါ်အေးမြင့်၏ခင်ပွန်း၊ မစမ်းသီတာ၊ မောင်ရဲထွဋ်အောင်-မဖြူဖြူခိုင်၊ မအေးသီတာ၊ မမိုးသီတာတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၇-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် မြောက်ဥက္ကလာပဆေးရုံမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဝေဠုဝန်နိကာယဂိုဏ်းဩဝါဒါစရိယ
ဘဒ္ဒန္တ ကုန္ဒက
သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ အင်ပင်မြို့၊ ခုဝံတောရကျောင်းတွင် သီတင်းသုံးတော်မူသော ဝေဠုဝန်နိကာယဩဝါဒါစရိယ ဟသ္သာတခရိုင် ဝေဠုဝန်နိကာယဂိုဏ်း စာမေးပွဲကြီး၏ ဩဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တ ကုန္ဒက ဆရာတော်သည် ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် (၈-၃-၂၀၀၄ ရက်) နံနက် ၂:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက် (၁၄-၃-၂၀၀၄ရက်)တွင် အင်ပင်မြို့ ခုဝံတောရကျောင်းအတွင်း၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်ကြမည်ဖြစ်ကြောင်း ဝေဠုဝန်နိကာယဂိုဏ်းဝင် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပဏ္ဍိတ
ကန်/တောင်ရပ်ကွက်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊
ကန်တော်ကလေး၊ထီးတန်းမွှာရုံအသင်းကြီး၏ဩဝါဒါစရိယ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်တိုင်း
သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အရှေ့ပိန္နဲကုန်းကျောင်းတိုက်၊ မြန်မာ့အလင်းကျောင်း ပဓာနနာယက ဘဒ္ဒန္တ ပဏ္ဍိတ လင်္ကာပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက ဖြစ်တော်မူသော ဆရာတော်ကြီးသည် ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် (၈-၃-၂၀၀၄ရက်) နံနက် ၁:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက် (၁၀-၃-၂၀၀၄ရက်) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ (အရှေ့ပိန္နဲကုန်းကျောင်းတိုက်၊ ကန်/တောင်၊ မြန်မာ့အလင်းကျောင်းမှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) တပည့်သံဃာများနှင့်ဒါယကာ၊ဒါယိကာမများ။

ဦးတင်ညွန့်
(မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း)
နည်းပြ၊
ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်း
အရာခံဗိုလ်(ငြိမ်း)တပ်မတော်ရေ
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်း၊ အမှတ် ၃၇၊ အခန်း ၁၀ နေ (ဦးသောင်း-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးကင်းချို-ဒေါ်သန်းမေ)တို့၏သားသမက်၊ ဒေါ်ဟန်ရီ၏ခင်ပွန်း၊ မရီရီဇော်၊ မောင်ဘိုဘိုဟန်တို့၏ ဖခင်၊ ဦးဇော်မြင့်-ဒေါ်ချိုချိုထွန်း၊ ဦးဇော်တင်-ဒေါ်ညိုညို၊ မောင်ဇော်အောင်၊ မဥမ္မာဇော်တို့၏ဦးလေးသည် ၈-၃-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း ဦးအေးထွန်း
ဦးစီးအရာရှိ(ငြိမ်း)ဆည်မြောင်း
(ပုသိမ်ကြီးမြို့နယ်)
အသက်(၅၅)နှစ်

မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ချောင်းဝန်ဆည်မြောင်း စခန်းနေ ဒေါ်စမ်းမြင့်၏ခင်ပွန်း ဦးအေးထွန်း ရာသက်ပန် အသင်းဝင်အမှတ်-၁၂၉၂ သည် ၂-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဒေါ်ခင်ခင်နွဲ့ (ဂျူလီ)
(သထုံမြို့)
အသက်(၅၅)နှစ်

တိုက်အမှတ် ၃၃၁၊ အခန်း ၇၊ အနောက်ရန်ကင်းနေ (ဦးခင်အောင်-ဒေါ်ထားနွဲ့)တို့၏သမီး၊သထုံမြို့၊ အမှတ် ၃၆၇၊မြသပိတ်ဘုရားလမ်းနေ(ဦးကြွယ်)-ဒေါ်အေးသီတို့၏ သမီးချွေးမ၊ ဦးအောင်နိုင်၏ဇနီး၊ မောင်ကျော်ကိုကိုဝင်း-မနွဲ့ကေခိုင်အောင်၊ မောင်အောင်နန္ဒကျော်သူတို့၏မိခင်၊ မလင်းလက်ဝသန်အောင်၏အဘွားသည် ၇-၃-၂၀၀၄ ရက် (တနင်္ဂနွေနေ့)နံနက်၄:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါ သည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဘိုးလူ
(ဆောက်လုပ်ရေး၊ကျောက်ဖြူမြို့)
အသက်(၆၆)နှစ်

ကျောက်ဖြူမြို့၊ပျားတေးကျေးရွာနေ ဦးမောင်သာထွန်း – ဒေါ်လှသာတို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၄၉၊ လမ်း ၉၀၊ ကန်တော်လေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်မစု၏ခင်ပွန်း၊ မောင်သန်းဦး၊ မသန်းသန်းမေ၊ မသန်းသန်းနု၊ မသန်းသန်းရွှေ၊ မသန်းသန်းဌေး၊ မောင်သန်းထွန်းတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကျော်ဒင်
မြန်မာ့ဘော်လီဘော လက်ရွေးစင်အသင်းခေါင်းဆောင် (လက်ရွေးစင်ဟောင်း)
လက်ထောက်မြို့နယ်မှူး၊ လမ်းမတော်မြို့နယ်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန
အသက်(၅၉)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နေ (ဦးရွှေသီး-ဒေါ်ချမ်းသာ) တို့၏သား၊ မြင်းခြံမြို့နေ (ဦးစိုးမောင်-ဒေါ်ကြည်) တို့၏သားသမက်၊ အမှတ် ၄၅၊ ရှမ်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ကြည်ကြည်စိုး၏ခင်ပွန်း၊ ဒေါ်သန္တာဦး (အထက-၂၊ စမ်းချောင်း)၊ ဦးသူရ (ဇာဂနာ)-ဒေါ်လွင်မာဦး၊ မစန္ဒာငြိမ်း (ပထဝီ)၊ မစိုးနုနုထွေး (ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏ ဖခင်၊ မြေးငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၇-၃-၂၀၀၄ ရက်(တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (စမ်းချောင်းနေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်အောင်ကျော်သူ
(ကြည့်မြင်တိုင်)
အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးရွှေစိုးလမ်း၊ အမှတ် ၂၁ နေ (ဦးမောင်မောင်)-ဒေါ်ခင်မြင့်တို့၏သား၊ ကိုစိန်ဝင်း၊မမြသီတာ၊ မခင်သီတာစိုးတို့၏ညီ/မောင်၊ မဇာဇာမောင်၏အစ်ကိုသည် ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီးတွင် ၈-၃-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၃၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချီ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်အောက်လွှတ်တော်အမတ်နှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr. Koichi Kato နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်အောက်လွှတ်တော်အမတ် နှင့် အဖွဲ့ဝင်များနှင့် အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yuji Miyamoto နှင့် သံမှူး Mr. Ichiro Maruyama တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr. Koichi Kato နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့အကြို မြန်မာ့အလင်းသတင်းစာ အထူးကဏ္ဍများဖြင့် ဂုဏ်ပြုတင်ဆက်မည်

၂၀၀၄ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းဝင် (၅၉) နှစ်မြောက် တပ်မတော်နေ့ နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးအတွက် စွမ်းစွမ်းတမံတိုက်ပွဲဝင်ခဲ့ကြသူများ၊ ရရှိခဲ့သောလွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြသည့် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ၊ ပြည်ထောင်စုမပြိုကွဲရေးအတွက် အသက်၊ သွေး၊ ချွေးပေါင်း မြောက်မြားစွာ ရင်းနှီးပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြသည့် တပ်မတော်သားများနှင့် တိုင်းရင်းသား ပြည်သူများ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်လက်တွဲ၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြသည့် တပ်မတော်သားများအား ဂုဏ်ပြုသည့် အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာကို ဆန်းသစ်သောအပြင်အဆင်ကဏ္ဍတို့ဖြင့် မတ်လ ၁၂ ရက်မှ စတင်၍ ဝေဝေဆာဆာ တင်ဆက်သွားမည် ဖြစ်ပါသည်။

ယင်းကဏ္ဍများတွင် နိုင်ငံတော်အကြီးအကဲ၏ အဆိုအမိန့်များ၊ ခေါင်းကြီး၊ ဆောင်းပါး၊ သတင်းဆောင်းပါး၊ ဓာတ်ပုံစာမျက်နှာ၊ တွေ့ဆုံမေးမြန်းခန်း၊ သမိုင်းပုံရိပ်လွှာ၊ နိုင်ငံတော်တည်ဆောက်ရေး မြင်ကွင်းအဖုံဖုံနှင့် ကဗျာ၊ ကာတွန်းတို့ဖြင့် ထူးခြားလေးနက်စွာဖော်ပြသွားမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပရိသတ်အား ကြိုတင်သတင်းစကားပါးအပ်ပါသည်။ (**မြန်မာ့အလင်း**)

အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယနိုင်ငံ၌ချစ်ကြည်ရေးပြိုင်ပွဲများသွားရောက်ယှဉ်ပြိုင်ကြမည့် တပ်မတော်ဘောလုံးနှင့်ဘော်လီဘောအားကစားအဖွဲ့ဝင်များအားပို့ဆောင်နှုတ်ဆက်

ရန်ကုန် မတ် ၈

တပ်မတော် အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိန္ဒိယနိုင်ငံတွင် ချစ်ကြည်ရေး ပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်ကစားကြမည့် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးကြီးအောင်စံတင် ခေါင်းဆောင်သော မြန်မာ့တပ်မတော် ဘောလုံးနှင့်ဘော်လီဘောအားကစားအဖွဲ့ဝင်များအား ယနေ့နံနက် ၆ နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

စာမျက်နှာ ၈ ကော်လံ ၆ ●

နိုင်ငံတော်၏မွန်မြတ်သောစေတနာအသီးအပွင့်များဝေဆာနေသော ပင်လုံမြေ ခံ့ညားထည်ဝါသောပင်လုံတက္ကသိုလ်ကြီးက သက်သေဖော်ညွှန်းပြသနေ

သတင်းဆောင်းပါး-မောင်မောင်ကျော်၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၈

ပင်လုံမြေကို ရောက်ဖူးသူနည်းသော်လည်း ကြားဖူးသူများသည်။ ပင်လုံသည် ရှမ်းပြည်နယ်၏ ဗဟိုချက်မ အကွေ့ ၈၀၊ တောင်စွယ် အထပ်ထပ် ကျော်ဖြတ်ရသောနေရာ။ တောင်ကြီးနှင့် ၆၃ မိုင် ဝေးသည်။ ပင်လုံ၏ ခရိုင်မြို့ဖြစ်သော လွိုင်လင်နှင့်ဆိုလျှင် ခြောက်မိုင်ခန့်သာ ဝေး၏။ လွိုင်လင်မြို့မှထွက်လျှင် ပထမဆုံး 'နောင်ပရူး'အမည်ရှိသော ရှမ်းရွာကလေး တစ်ရွာကို တွေ့ရသည်။ ထိုမှဆက်သွားလျှင် 'ဝမ်းအဲန်'ဟု ခေါ်သော ရွာကလေးတစ်ရွာကို ထပ်၍တွေ့ရသည်။ ထိုရွာကလေး နှစ်ရွာကို ကျော်လွန်မိသော် ပင်လုံမြို့သို့ရောက်လေသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻

ပင်လုံတက္ကသိုလ်

လွိုင်လင်ခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာများ သင်ယူနိုင်မှုအခွင့်အလမ်းရရှိနေသည့် ပင်လုံတက္ကသိုလ်ကြီးကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။ **ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**